# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၅၀)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၇-၅-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံ့စီးပွားရေး အားကောင်းလာစေရေးအတွက် MSME လုပ်ငန်းများကို မဖြစ်မနေအားပေးမြှင့်တင်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ MSME လုပ်ငန်းများ အထူးအလေးထားအားပေးသွားရန်နှင့် ဒေသမှထွက်ရှိသည့်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ အဓိကထားဆောင်ရွက်

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ယခုထက် ပိုမိုကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်**

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်ပြီး "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့" ဟု ဆောင်ပုဒ်ချမှတ်ထားသည်နှင့်အညီ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင် အဓိကကျသည့် ပို့ကုန်၊ သွင်းကုန်များကို လေ့လာဆန်းစစ်ချက်များအရ မိမိတို့နိုင်ငံမှ အထည်ချုပ်လုပ်ငန်းထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့လျက်ရှိပြီး ပြည်ပမှ လောင်စာဆီများ၊ စားသုံးဆီများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို တင်သွင်းနေရပြီး ကုန်သွယ်မှုလိုငွေရှိနေဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ယခုထက်ပိုမို၍ ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်သည်ဟု အဖြေထွက်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာ အညွှန်း


၂၀၀၅-၂၀၀၆ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲအဆင့်သို့ ပထမဆုံးအကြိမ်အဖြစ် အာဆင်နယ်အသင်း တက်ရောက် — စာမျက်နှာ ၁၁

ယူ-၁၉ နှင့် ယူ-၁၆ မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲများ မေလဒုတိယပတ်တွင် သုဝဏ္ဏကွင်း၌ စတင်ကျင်းပမည် — စာမျက်နှာ ၁၂

မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေး (ဆောင်းပါး) — စာမျက်နှာ ၁၇

၂၀၂၆ ခုနှစ်၊ မေ ၇ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## မိုးရာသီအတွင်း လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးဆောင်ရွက်လျက်ရှိ

မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)၌ ကျင်းပပြုလုပ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က လာမည့် မိုးရာသီကာလအတွင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးလိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဓာတ်အားထုတ်လုပ်မှု (Power Generation Mix)တွင် အခြေခံဝန်အားအတွက် ရေအားလျှပ်စစ်စက်ရုံများနှင့် သဘာဝဓာတ်ငွေ့စက်ရုံများကို အသုံးပြုလျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် ရေအားလျှပ်စစ်စက်ရုံအချို့နှင့် မဟာဓာတ်အားလိုင်းများ ဖျက်ဆီးခံထားရမှုကြောင့် ယခုကဲ့သို့ အပူချိန်မြင့်မားသည့်အချိန်နှင့် ရေလှောင်တမံများတွင် ရေနည်းလာသည့်အချိန်တို့တွင် သဘာဝဓာတ်ငွေ့ကို ပိုမိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေရခြင်းဖြစ်ကြောင်း၊ မကြာမီ မိုးကျလာတော့မည်ဖြစ်ရာ ကောင်းမွန်လျက်ရှိနေသည့် ရေအားလျှပ်စစ်စက်ရုံများအား စွမ်းအားပြည့်လည်ပတ်၍ ဓာတ်အားထုတ်ယူရမည်ဖြစ်ကြောင်း၊ ယင်းအတွက် တမံကြီးများအား ကြိုတင်စစ်ဆေး၍ ကြံ့ခိုင်မှုကောင်းမွန်နေစေရန် စီမံဆောင်ရွက်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများကို ပြန်လည်စစ်ဆေး၍ လိုအပ်သည်များ ပြင်ဆင်ခြင်း၊ ချို့ယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာပါက အမြန်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေများအလိုက် အရန်ပစ္စည်းများ စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ယန္တရားများ အသင့်ပြင်ဆင်ထားခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပိုမိုထွက်ရှိလာသည့် ဓာတ်အားများ ပို့ဆောင်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ရေးကိုလည်း စစ်ဆေးထားရန်လိုကြောင်း၊ ရေအားလျှပ်စစ်ကို ပိုမိုအသုံးပြုနိုင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့အသုံးပြုမှုကို လျှော့ချနိုင်ပါက သဘာဝဓာတ်ငွေ့ကို ဓာတ်မြေသြဇာစက်ရုံများ အပါအဝင် အခြားစက်ရုံများအတွက် အသုံးပြုနိုင်သည်ဖြစ်၍ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတိုးတက်လာစေရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးတို့၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အတွက် ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး လည်ပတ်လျက်ရှိသည့် စက်ရုံများအနက်မှ အချို့သည်လည်း ဖျက်ဆီးမှုများခံခဲ့ရသည့်အတွက် ဓာတ်အားထုတ်လုပ်မှုများ လျော့နည်းလျက်ရှိသည်။ ပို့လွှတ်မှုအပိုင်းတွင်လည်း ဝေးလံသည့် ခရီးတစ်လျှောက် ပို့လွှတ်ရသဖြင့် ဓာတ်အားများ လျော့နည်းဆုံးရှုံးသကဲ့သို့ သဘာဝဘေးဒဏ်နှင့် လူတို့၏ ဖျက်ဆီးခြင်းခံရသဖြင့် အချို့ဓာတ်အားလိုင်းကြီးများ ပျက်စီးလျက်ရှိသည်။ ထို့ကြောင့် ကောင်းမွန်သည့် ဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများ ထမ်းဆောင်နေရသဖြင့် မကြာခဏ System Break Down ဖြစ်၍ ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်ရာ မိုးရာသီကာလအတွင်း လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများကို အကျိုးရှိရှိဖြင့် စွမ်းအားပြည့် လည်ပတ်နိုင်ရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပ

**ပျော်ဘွယ် မေ ၆**

ပျော်ဘွယ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေးဆွေးနွေးပွဲ Talk Show ကို ယနေ့နံနက် ၈ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူ က အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်ခင်ဆင့် က မီးခိုးမြူငွေ့ဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ကြောင့် ကျန်းမာရေးထိခိုက်မှုအခြေအနေများ၊ မြို့နယ်အတွင်း မီးခိုးမြူငွေ့အန္တရာယ် မဖြစ်ပွားစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကျေးရွာများသို့ ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ရပ်ကွက်၊ ကျေးရွာအုပ်စုကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မြို့သစ် မေ ၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် အုပ်ချုပ်ရေးမှူးများ ခန့်ထားနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သော အကူအညီပေးရေးအဖွဲ့သည် ရပ်ကွက်၊ ကျေးရွာ အုပ်စုများအလိုက် သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သောအကူအညီပေးရေးအဖွဲ့(၂)မှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမိုးဇော်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် အဖွဲ့ဝင်များသည် ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု၊ နဘဲကုန်းကျေးရွာအုပ်စု၊ ချောက်ကြား ကျေးရွာအုပ်စုများသို့ သွားရောက်၍ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ခန့်ထားနိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ရွေးချယ်ခြင်း၊ ကျေးရွာတာဝန်ခံများနှင့် အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်ကို ချပြရှင်းလင်းကာ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

## ရက်(၁၀၀)စီမံချက်ဖြင့် ရေပိုက်လိုင်းသွယ်တန်းနေမှုစစ်ဆေး

**နေပြည်တော် မေ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက်(၁၀၀)စီမံချက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သာယာကုန်းကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ဓာတ်ပုံ)**



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်နှင့်အဖွဲ့၊ ဇေယျာသီရိခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ သာယာကုန်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးစိုးမောင်က ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သာယာကုန်းကျေးရွာ၌ နှစ်လက်မ PVC ပေ ၆၃၂၀ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၉၂ သန်း အသုံးပြုကာ ဌာနမှ ဝန်ထမ်းများ စုဖွဲ့မှုဖြင့် ၂၀၂၆ ခုနှစ်၊ မေ ၃ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(ဓာတ်ပုံ) နော်လူး**

## ရပ်ကွက်များသို့ ကွင်းဆင်း၍ တီဘီရောဂါရှာဖွေဖော်ထုတ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း(ဗဟို-မန္တလေးရုံးခွဲ)နှင့် မဟာအောင်မြေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရက်(၁၀၀)စီမံချက်တွင် ပါဝင်သည့် တီဘီရောဂါရှာဖွေဖော်ထုတ်ကုသခြင်းလုပ်ငန်းများကို မေ ၅ ရက် နံနက်ပိုင်းက စကြာနွယ်စဉ်ရပ်ကွက်၊ အ.မ.က (၆)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဗဟို-မန္တလေးရုံးခွဲ)နှင့် မဟာအောင်မြေမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ရက်(၁၀၀) စီမံချက်တွင် ပါဝင်သည့် တီဘီရောဂါရှာဖွေဖော်ထုတ်ကုသခြင်း လုပ်ငန်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်ဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဗဟို-မန္တလေးရုံးခွဲ)မှဒေါက်တာအောင်ကျော်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများက မဟာအောင်မြေမြို့နယ်အတွင်း၌ စုရပ်များ ဖွင့်၍ ပြည်သူများအား တီဘီရောဂါရှာဖွေဖော်ထုတ်ကုသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူ ၁၂၀ ဦးအား ကွင်းဆင်းကုသစစ်ဆေးဆောင်ရွက်ပေးခဲ့သည်။

အဆိုပါတီဘီရောဂါရှာဖွေဖော်ထုတ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်ဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဗဟို-မန္တလေးရုံးခွဲ)မှဒေါက်တာအောင်ကျော်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စကြာနွယ်စဉ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် မဟာနွယ်စဉ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေဝင်းတို့က လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်

☆ ရှေ့ဖုံးမှ

**ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည်များကို သင်ခန်းစာယူ၍ ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်**

မိမိတို့အစိုးရအဖွဲ့သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုမှ ၎င်းတို့၏ စိတ်သဘောဆန္ဒများအလျောက် ဆန္ဒမဲပေးရွေးချယ်ပြီး ထွက်ပေါ်လာခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များက ရွေးကောက်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရအဖွဲ့ ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် တက်ကြွစွာဖြင့် စည်းကမ်းတကျ လာရောက်၍ မဲရုံများ၌ ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ မဲပေးသူအများစုမှာ အသက် ၁၈ နှစ်နှင့် ၅၀ အကြားဖြစ်ကြကြောင်း၊ ၎င်းတို့၏ သဘောဆန္ဒအလျောက် မဲပေးခြင်းဖြစ်ကြောင်း၊ မဲပေးရာတွင် စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ်ကြောင်း။

ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ပြီး အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ လူငယ်ပိုင်းနှင့် လူလတ်ပိုင်းများ အများစုဖြစ်ကြကြောင်း၊ ရွေးကောက်ပွဲတွင် ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ၆ ပါတီရှိခဲ့ကြောင်း၊ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၁ ဦး ရွေးကောက်ခံခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်နှင့်အညီ အားလုံးပါဝင်သည့် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ် အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့်ဦးဆောင်မှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးလည်မသုန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများက ရွေးချယ်ထားသည့်အစိုးရဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့သောနိုင်ငံများအနေဖြင့် ပြည်သူများကရွေးချယ်ထားသည့် ဒီမိုကရေစီနည်းလမ်းနှင့်အညီ တာဝန်ထမ်းဆောင်နေသည့် မိမိတို့အစိုးရအပေါ်၌ ကန့်သတ်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများကို ဖိအားပေးလုပ်ဆောင်နေကြဆဲဖြစ်ကြောင်း၊ ဒီမိုကရေစီနည်းလမ်းတကျ မိမိဆန္ဒဖြင့် လာရောက်မဲပေးကြသူများကို ဒီမိုကရေစီနိုင်ငံများက တန်ဖိုးထားရန်လိုပါကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့် လျော်ညီသည့် ပြောင်းလဲမှုများကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုး၊ ဘာသာသာသနာ၊ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း အားနည်းချက်ရှိသည်များကို ပြင်ဆင်၍ ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်သည်များကို ထိန်းသိမ်းသွားကြရန်လိုကြောင်း။

**သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍမြင့်တင်နိုင်ရေး**

သွင်းကုန်ကဏ္ဍတွင် စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပမာဏများစွာ တင်သွင်းနေရဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံများ စိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စားသုံးဆီများကို ပြည်ပမှ တင်သွင်းနေရခြင်းမှာ မဖြစ်သင့်ကြောင်း၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့်ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးက စနစ်တကျဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ပို့ကုန်ကဏ္ဍတွင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်ရှိသည့် လူဦးရေ၊ စားသုံးနိုင်မည့်ပမာဏနှင့် ဆန်ထွက်ရှိမှုတို့ကို တွက်ချက်၍ ပိုလျှံသည့်ဆန် တင်ပို့မှုပမာဏများကို တွက်ချက်ရနိုင်ကြောင်း၊ ပိုလျှံသည့် ဆန်ရရှိမှုနှင့် ဈေးကွက်ရရှိမှုအပေါ်မူတည်၍ ပို့ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊

> ☆ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လို
>
> ☆ ပို့ကုန်များတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်
>
> ☆ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်

"ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်" ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ပေါ်ဆန်းမွှေးဆန်သည် နိုင်ငံတကာဈေးကွက်တွင် နာမည်ရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပို့ကုန်တစ်ခုဖြစ်သည့်အတွက် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံမှထွက်ရှိသည့် ကော်ဖီသီးနှံသည်လည်း ဝယ်လိုအားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး စသည့် ရာသီသီးနှံများသည် နေ့စဉ်မပါမဖြစ် အသုံးပြုနေရသဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ပို့ကုန်များတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သုတေသနပြု ဆောင်ရွက်သွားကြရန်လိုကြောင်း။

အသား၊ ငါးများ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်ပတ်သက်၍လည်း ဒေသတွင်းစားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဦးညိုစော ဆွေးနွေးတင်ပြစဉ်။

**ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းနှင့် MSME လုပ်ငန်းများကို အထူးအလေးထား အားပေးမြှင့်တင်၍ စီးပွားရေး တိုးတက်အောင်ဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများတိုးတက်လာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်လိုသကဲ့သို့ ဒေသအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း သာယာလှပမှုနှင့် နှစ်လိုဖွယ်ရှိသည့် ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ခရီးသွားဝင်ရောက်မှုများလည်း တိုးတက်လာစေမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် သွားလာနေထိုင်စားသောက်မှုတို့တွင် အခြားသောဖွံ့ဖြိုးတိုးတက်နေသည့်ဒေသများ၊ နိုင်ငံများကို အတုယူ၍ သွားချင်စဖွယ်၊ လာချင်စဖွယ်၊ နေချင်စဖွယ်ဖြစ်အောင် ဆောင်ရွက်ပြီး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့်ဒေသသို့ လာရောက်ကြသည့်ခရီးသွားများအားလုံး၏ မှတ်ချက်ကောင်းကိုရရှိနိုင်ရေး နိုင်ငံသားတစ်ဦးချင်း၊ ဒေသခံတစ်ဦးချင်းစီမှစ၍ ကိုယ်စီအသိစိတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ "**အိမ်သာလျှင်ရှည့်လာမည်**"ဟူသည့် စကားနှင့်အညီ သာယာလှပပြီး စည်းကမ်းစနစ်တကျရှိသည့် ပတ်ဝန်းကျင်ကောင်းကို ပုံဖော်ဖန်တီးနိုင်ရေး တာဝန်ရှိသူများအားလုံးက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုက်နာဆောင်ရွက်ရမည့် ဝန်ထမ်းများ၊ ကိုယ်စီအသိစိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည့် ပြည်သူများအားလုံးအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံ့စီးပွားရေးအားကောင်းလာစေရေးအတွက် MSME လုပ်ငန်းများကို မဖြစ်မနေအားပေးမြှင့်တင်ကြရန်လိုပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် SME လုပ်ငန်းများကို အားထားနေရဆဲဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း MSME လုပ်ငန်းများကို အထူးအလေးထားအားပေးသွားရန်နှင့် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အဓိကထား၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစု၊ လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ပြည်ပမှ ဝယ်ယူ၍ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်က ထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ စီးပွားရေးမြှင့်တင်မှုလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းစွာဖြင့် နိုင်ငံတော်ကပေးအပ်ထားသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယခင် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်နှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်မှနစ်နာဆုံးရှုံးခဲ့ရသည့် ငွေကြေးပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၄ သန်းနှင့် ငွေကျပ် ၂၂၆ ဒသမ ၁၀၇ ဘီလီယံ ဆုံးရှုံးခဲ့ရကြောင်း၊ ထိုကဲ့သို့ မဖြစ်စေရေးအတွက် မိမိတို့အနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စဉ်းစားဆင်ခြင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်အနေဖြင့် များစွာဆုံးရှုံးနစ်နာရနိုင်သည်ဖြစ်သဖြင့် အဂတိမှုများနှင့်ပတ်သက်၍ အရေးယူရသည်များမဖြစ်ရန်လိုကြောင်း၊ အဂတိလိုက်စားမှုများမရှိစေရေး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက်ကြပ်မတ်ထိန်းသိမ်းကြရန်လိုကြောင်း မှာကြားသည်။

**သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နွေစပါးနှင့် မိုးသီးနှံများအတွက် လိုအပ်သော ယူရီးယားမြေဩဇာနှင့် စက်သုံးဆီများ တောင်သူလက်ဝယ် အချိန်မီရောက်ရှိရေး၊ သစ်စိမ်းမြေဩဇာနှင့် သဘာဝမြေဩဇာသုံးစွဲမှုကို မြှင့်တင်ပြီး အရည်အသွေးမမီသောမြေဩဇာများ ဈေးကွက်အတွင်း မပျံ့နှံ့စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နေကြာ၊ နှမ်း ဆီထွက်သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဆန်စပါး Export Zone များမှတစ်ဆင့် စာမျက်နှာ ၄ သို့ ☆

## ဒီဇယ်ဆီတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေခြင်းကြောင့် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂%) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း ၂-၄-၂၀၂၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၅-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ဓာတ်မြေဩဇာများ တင်သွင်းမှု အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ % ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ၂-၄-၂၀၂၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၅-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် ပြုသွားမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ သဘာဝဓာတ်ငွေ့အသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုစရိတ်ကို လျှော့ကျစေရေးနှင့် အများပြည်သူအနေဖြင့် ဓာတ်အားခဈေးနှုန်းသက်သာစေရေးတို့အတွက် ထိန်းညှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၃။ အဆိုပါ အခွန်ကင်းလွတ်ခွင့်သည် ဖော်ပြပါကာလအတွင်း အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အတွက်သာ အကျုံးဝင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

---

☆ စာမျက်နှာ ၃ မှ

ပြည်ပတင်ပို့မှု မြှင့်တင်ရေး၊ ပဲပုပ်စိုက်ပျိုးရေး၊ ရေချိုပုစွန်သားဖောက်ထုတ်လုပ်ရေးနှင့် ပြည်တွင်းထုတ်မျိုးချောင်းများဖြင့် နို့စားနွားမျိုးစပ်လုပ်ငန်းများအောင်မြင်ရေးဆောင်ရွက်လျက်ရှိမှု၊ လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းလမ်းဖြင့်သုံးစွဲနေမှုများကို ထိရောက်စွာတားဆီးရေးဆောင်ရွက်လျက်ရှိမှု၊ သမဝါယမအသင်းများမှ တောင်သူများကို စနစ်တကျဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အသေးစားစက်မှုလုပ်ငန်းများအတွက်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ဓာတ်မြေဩဇာများ တောင်သူများလက်ဝယ်သို့ ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိလျက်ရှိမှု၊ အခြေခံကျသည့် မွေးမြူရေးလုပ်ငန်းများအား မှန်ကန်သည့် ကုန်ထုတ်လုပ်မှုများဖြစ်အောင် ဆောင်ရွက်လျက်ရှိမှု။

ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးရာတွင် လေလွင့်ဆုံးရှုံးမှုများ မဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကမ်းလွန်စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေးအတွက် သန်လျင်ရေနံချက်စက်ရုံအား ပြန်လည်တည်ဆောက်အဆင့်မြှင့်တင်လျက်ရှိမှု၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စက်သုံးဆီများ သယ်ဆောင်ဖြန့်ဖြူးပေးရာတွင် စနစ်တကျဖြင့် ရယူသုံးစွဲနိုင်ရေး Digital စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားများရရှိရေး သဘာဝဓာတ်ငွေ့နှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတို့အား အဓိကထားထုတ်လုပ်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိစေရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုများတွင် လေလွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိမှု။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းမှတ်ပုံတင်များ ပေးလျက်ရှိမှု၊ MSME ပြပွဲများ၊ ကုန်ထုတ်လုပ်မှုနှင့် လုပ်ငန်းစွမ်းဆောင်မှုမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် အေဂျင်စီများဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများမြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏အားပေးဆောင်ရွက်မှုများကြောင့် MSME လုပ်ငန်းများလျင်မြန်စွာဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အဆင့် MSME ပြပွဲများ ကျင်းပလာနိုင်မှု၊ ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှုနှင့် ဝါကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဝါးအခြေခံတန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပြင်ပသို့ရောက်ရှိနေသည့်ကလေးများ ကျောင်းပြန်တက်နိုင်ရေး Placement Test များစစ်ဆေး၍ အစိုးရကျောင်းများတွင် ပြန်လည်လက်ခံရေးနှင့် စနစ်တကျစာရင်းကောက်ယူဆောင်ရွက်နေမှု၊ ပုဂ္ဂလိကကျောင်းများ စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်ကိုက်ညီမှုရှိစေရေး စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယသမ္မတ ဦးညိုစောက ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များအား ပြီးပြတ်အောင် ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**တင်ပြချက်များအပေါ်**
**ပြန်လည်ဖြည့်စွက်ဆွေးနွေးမှာကြား**

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိကကျကြောင်း၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ အာလူးများကို စိုက်ပျိုးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တစ်ဧကအထွက်နှုန်းများကောင်းရန်နှင့် အချက်အလက်များ မှန်ကန်မှုရှိရန်လိုကြောင်း၊ ဆန်တင်ပို့မှုများ တိုးတက်လာစေရေးအတွက် အရည်အသွေးကောင်းမွန်သည့်ဆန်များ စိုက်ပျိုးရရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ မန္တလေး၊ ရှမ်းပြည်နယ်တို့တွင် နေကြာ၊ ပဲပုပ်နှင့် နှမ်းကို စိုက်ပျိုးကြပြီး လက်ရှိစိုက်ပျိုးဧကအတိုင်း တစ်ဧကပန်းတိုင် ရည်မှန်းချက်အထွက်နှုန်းရရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတို့တွင် စပါး၊ ပဲ၊ နှမ်း၊ ပြောင်းတို့အပါအဝင် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးများအနေဖြင့် ပြည်ပပို့ကုန်ပိုမိုတိုးမြှင့်ရရှိနိုင်ရေး စိုက်ပျိုးရန်လိုသကဲ့သို့ ပြည်နယ်များအလိုက်လည်း ဒေသတွင်းစားရေးဖူလုံရေးအတွက် အဓိကထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

သမဝါယမစနစ်မှတစ်ဆင့် ကျေးလက်နေပြည်သူများ စီးပွားပိုမိုဖြစ်ထွန်းလာစေပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးမူကြီး(၅)ရပ် ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေးစသည်တို့ကိုအခြေခံ၍ သမဝါယမစနစ်ကို ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဒေသအလိုက် ဖူလုံမှုရှိစေရေး လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို မိမိတို့ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်းဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်သုံးဆီများနှင့်ပတ်သက်၍ တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ထားနိုင်ကြောင်း၊ ဆီသိုလှောင်မှုများနှင့်ဖြန့်ခွဲမှုများ စနစ်တကျဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူတရားမဝင်ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်မှုများမရှိစေရေးနှင့် စစ်ဆေးရေးဂိတ်များအနေဖြင့် စည်းကမ်းတကျ စစ်ဆေးဆောင်ရွက်စေရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စီမံကိန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်အောင်မြင်အောင် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်အလိုက်ဆောင်ရွက်ရန် လုပ်ငန်းများကိုလည်း အောင်မြင်စွာဖြင့်ဆောင်ရွက်နိုင်ရေး အရှည်ကို မြော်တွေးပြီး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မြေနေရာများကို အသုံးချရာတွင်လည်း အရှည်ကို မြော်တွေးပြီး Master Plan များ ကြိုတင်ရေးဆွဲကာ စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်သည်များ ရှိသကဲ့သို့ ဒေသအလိုက်ဆောင်ရွက်ရသည်များလည်း ရှိပြီး ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ **စိုက်ပျိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးများအနေဖြင့် ပြည်ပပို့ကုန်ပိုမိုတိုးမြှင့်ရရှိနိုင်ရေး စိုက်ပျိုးရန်လိုသကဲ့သို့ ပြည်နယ်များအလိုက်လည်း ဒေသတွင်းစားရေးဖူလုံရေးအတွက် အဓိကထားဆောင်ရွက်**

❖ **သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရန်လို**

❖ **မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်အလိုက် ဆောင်ရွက်ရန်လုပ်ငန်းများကိုလည်း အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်ရေး အရှည်ကို မြော်တွေးပြီး ဆောင်ရွက်သွားကြရန်လို**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

## ပြည်သူတစ်ရပ်လုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဂုဏ်သိက္ခာရှိစွာ ဥပဒေ၏အကာအကွယ်အောက်တွင် နေထိုင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်

နေပြည်တော် မေ ၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများနှင့် ယနေ့နံနက်ပိုင်းတွင် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာ သုခရတနာကျောင်းတိုက် ဓမ္မာရုံ၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက ယခုကဲ့သို့ ဇေယျာသီရိမြို့နယ်ရှိ ဒေသခံပြည်သူများအား တွေ့ဆုံရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒရှင်ပြည်သူများက မဲပေးရွေးချယ် တင်မြှောက်ထားသည့် ပြည်သူ့ ကိုယ်စားလှယ်များ ပေါင်းစည်းထားသည့် နေရာဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ အားကိုးအားထားပြုရမည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူတစ်ရပ်လုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဂုဏ်သိက္ခာရှိစွာဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင်နေထိုင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်သူများ အကျိုးစီးပွား ဖြစ်ထွန်းစေရန်အတွက် လက်ရှိပြဋ္ဌာန်းထားရှိသော တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ အမြန်ဆုံး ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြန်လည် ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွှတ်တော်၏လုပ်ငန်းစဉ်များကို သိရှိနားလည်စေရန် ရှင်းလင်းပြောကြားသည်။

ထို့ပြင် လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့်အတိုင်း မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒများနှင့်လိုလားချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူများ၏ အသံကို နိုင်ငံတော်အစိုးရထံ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ရက်(၁၀၀) စီမံချက်ဖြင့် ဖွံ့ဖြိုးရေး ကိစ္စရပ်များကို ပြည်သူလူထုအတွက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်တွင်လည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များရှိပါက လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်အစိုးရထံ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံ မဲဆန္ဒရှင်ပြည်သူများက ငလျင်ကြောင့်ပျက်စီးခဲ့သည့် စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်ပေးနိုင်ရေး၊ ကျေးရွာတွင်းနှင့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းများ ခင်းပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးအတွက် စက်သုံးဆီရရှိရေးတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုတင်ပြချက်များကို မှတ်တမ်းတင်ထားရှိပါကြောင်း၊ လတ်တလော ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကွင်းဆင်းစစ်ဆေး၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

မန္တလေး မေ ၆

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံ မြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော်ရုံး သဘင်ဆောင်၌ တွေ့ဆုံသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံရေးအခင်းအကျင်း အသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ် Video Clip ကို ဖွင့်လှစ်ပြသသည်။






ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံရေး အခင်းအကျင်းသစ်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်အတွင်း အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် မဏ္ဍိုင်ကြီး (၃)ရပ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်များနှင့် ပြည်သူလူထုပူးပေါင်း၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားရေး၊ ယခုဖြစ်ပေါ်နေသည့် နိုင်ငံရေး အခြေအနေများ၏ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ပြီး နိုင်ငံတော်နှင့် အစိုးရ၊ ပြည်သူတို့၏အကျိုးစီးပွား ဖြစ်ထွန်းစေရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မဲဆန္ဒရှင်ပြည်သူတို့၏ လိုအပ်ချက်များကိုဖြည့်ဆည်း ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမကိုလှည့်လည်ကြည့်ရှုကာ အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။


၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၆

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားကဏ္ဍ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi နှင့်အတူ စစ်ရေယာဉ် INS Satpura (F-48)ပေါ်တွင်ကျင်းပသည့် ညစာစားပွဲသို့တက်ရောက်




နေပြည်တော် မေ ၆

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသည့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi နှင့် အတူ မေ ၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတား၌ ဆိုက်ကပ်ထားသည့် အိန္ဒိယစစ်ရေယာဉ် INS Satpura (F-48) ပေါ်၌ ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကြည်းတပ် စစ်သံမှူး Colonel Jaswinder Singh Gill၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ် စစ်သံမှူး Captain Manoj Kumar Pandey နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးသည် စစ်ရေယာဉ် INS Satpura (F-48) ပေါ်သို့ ရောက်ရှိလာရာ စစ်ရေယာဉ် တာဝန်ကျတပ်ဖွဲ့က ကြိုဆို အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် စစ်ရေယာဉ်ပေါ်မှ အရာရှိ၊ စစ်သည်များက အိန္ဒိယယဉ်ကျေးမှုရိုးရာ အဆိုအကများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် အိန္ဒိယသံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကာ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)တို့သည် အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြကာ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးသည် စစ်ရေယာဉ် INS Satpura (F-48) ပေါ်ရှိ ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ



နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း မေ ၂ ရက်တွင် သန်လျင်တပ်နယ်ရှိ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး နယ်မြေခံရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်သည်။ ဆက်လက်ပြီး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သန်လျင်တပ်နယ်ရှိနယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အဆိုပါရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ Small Arm Simulator အား အိန္ဒိယရေတပ်ဦးစီးချုပ်က ဖွင့်လှစ်ပေးပြီး သမိုင်းဝင်စစ်ရေယာဉ် (မေယု)သို့ သွားရောက် ကြည့်ရှုလေ့လာကြကာ အမှတ်တရ သစ်ပင်စိုက်ပျိုးသည်။

အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၃ ရက်တွင် အင်းလေးဒေသရှိ ဖေါင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်လေ့လာခြင်း၊ ရိုးရာရက်ကန်းရက်လုပ်နေမှုများကို လေ့လာခြင်းနှင့် အင်းလေးကန်၌ လှည့်လည်ကြည့်ရှုလေ့လာခြင်းတို့ ဆောင်ရွက်ကြပြီး နေပြည်တော်သို့ရောက်ရှိကြကာ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မေ ၄ ရက်တွင် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့သွားရောက်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုပန်းခြင်းချ အလေးပြုကြသည်။ ထို့နောက် ဘုရင့်နောင်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တွေ့ဆုံ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး နှစ်ဖက်အပြန်အလှန်မိတ်ဆက်ခဲ့ကြကာ နှစ်နိုင်ငံရေတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးကြသည်။ ယင်းနောက် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်း ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura (F-48) နှင့် INS Sunayna(P-57) တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များတွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များသည် မေ ၄ ရက်မှ ယနေ့အထိ ခရီးစဉ်ကာလအတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီး လှည့်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ် ချစ်ကြည်ရေး အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပထမတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းအား ကြိုဆိုဂုဏ်ပြု




**မန္တလေး မေ ၆**

၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စစ်တုရင်အသင်း အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ၊ တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၆-၂၀၂၇ အားကစားပြက္ခဒိန်အရ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲ(၃၃) ပွဲတွင် စစ်တုရင်ပြိုင်ပွဲသည် ပထမဦးဆုံး ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်ပြီး ပထမတံခွန်စိုက်ဆုဖလားကို ဦးစွာရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည့် ပြိုင်ပွဲတိုင်းတွင် အုပ်ချုပ်သူ၊ နည်းပြများ၏ အနီးကပ် စနစ်တကျကြပ်မတ်လေ့ကျင့်သင်ကြားပေးရင်း ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများကလည်း မန္တလေးတိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများဖြစ်အောင်၊ တိုင်းဒေသကြီးအဆင့်မှ နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများဖြစ်အောင်၊ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်အောင်မြင်မှုများရရှိအောင် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းမှ တာဝန်ရှိသူများက ပထမတံခွန်စိုက်ဆုဖလားကို အပ်နှံခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး စစ်တုရင်အသင်းအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်း အုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြ၍ ကျေးဇူးတင်စကားပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုနံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းသည် ဧပြီ ၂၇ ရက်မှ မေ ၄ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အသက်(၁၈)နှစ်အောက် အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခု၊ အသက်(၁၈)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ် (၁)ခုနှင့် အပြည်ပြည်ဆိုင်ရာ အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲတွင် ငွေတံဆိပ် (၁)ခုတို့ဖြင့် အောင်ပွဲရကာ ပထမတံခွန်စိုက်ဆုဖလားကို ပိုင်ဆိုင်ခဲ့ပြီး ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် စုစုပေါင်း(၁၃)သင်းတို့တွင် မန္တလေးတိုင်းဒေသကြီး အသင်းမှာ ဒုတိယအဆင့်ရရှိခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀




## ဆေးရုံအထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်ဆေးရုံအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဆေးရုံအထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေက ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၏လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများ၊ ငါ့သရောက်တိုက်နယ်ဆေးရုံ၊ တောင်ဇင်းတိုက်နယ်ဆေးရုံ၊ စဥ့်ကူတိုက်နယ်ဆေးရုံနှင့် ညောင်ဦးခရိုင်ဆေးရုံကြီး စတင်ဖွင့်လှစ်ခဲ့သည့် သမိုင်းကြောင်းနှင့် ဆေးရုံဝင်းအတွင်းရှိ အသုံးအဆောင်များစီစဉ်ဆောင်ရွက်ထားရှိမှုတို့အား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အထောက်အကူပြု ကော်မတီအဖွဲ့ဝင်များက တစ်ဦးချင်းဆွေးနွေးကြရာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၁)**





## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**မကွေး မေ ၆**

မကွေးမြို့နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးမြို့နယ်စီမံကိန်း ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေငြိမ်းက ဘဏ္ဍာနှစ်အလိုက် ရည်မှန်းချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများကို ကိုယ်စားပြုသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများထံသို့ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက "သတိပြုရမည့် အပူဒဏ်အန္တရာယ်များ" ခေါင်းစဉ်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ကျွမ်းကျင်-၃(ရုပ်သံ) ဒေါ်နန်းစီဖောင်းတို့က အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သောရောဂါများ၊ အပူချိန်မြင့်နေချိန်အတွင်း ရှောင်ကြဉ်ရမည့်အချက်များနှင့် အပူဒဏ်မှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးကြသည်။

ထို့ပြင် "ကလေးအလုပ်သမားပပျောက်ဖို့ လူတိုင်းပါဝင်ကူညီစို့" ခေါင်းစဉ်ဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် "လူကုန်ကူးမှုကို ဝိုင်းဝန်းတိုက်ဖျက်" ခေါင်းစဉ်ဖြင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့သည်။ **စိုင်းအောင်ဇော်လင်း**

# အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖလမ်းမြို့သို့ရောက်ရှိ

နေပြည်တော် မေ ၆

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဖလမ်းမြို့အား ဧပြီ ၂၅ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။



ဖလမ်းမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏ အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ရသည့်ဒေသခံတိုင်းရင်းသားပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ဖလမ်းဒေသခံပြည်သူလူထုအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ၊ ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကလေးမြို့မှ ထွက်ခွာခဲ့ကြပြီး ညနေပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း တိုက်ပွဲ၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည် လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် ဖလမ်းမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တပ်မတော်စစ်ကြောင်းများသည် ဖလမ်းမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






# စင်တင်တေးဂီတဖျော်ဖြေရေးလုပ်ငန်းပိုင်ရှင်များအား တွေ့ဆုံဆွေးနွေး

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်အတွင်းရှိ စင်တင်တေးဂီတ ဖျော်ဖြေရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင်များအနေဖြင့် တည်ဆဲဥပဒေများနှင့် သတ်မှတ်စည်းကမ်းချက်များကို လိုက်နာရေး တွေ့ဆုံဆွေးနွေးပွဲကို မေ ၅ ရက်၊ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ခရိုင်စင်တင်တေးဂီတဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး စိန်ယုနှင့် အဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မဟာအောင်မြေမြို့နယ်များမှ စင်တင်တေးဂီတဖျော်ဖြေရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင်များတက်ရောက်ကြသည်။





ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တာဝန်ရှိသူများက စင်တင်တေးဂီတ ဖျော်ဖြေရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင်များအနေဖြင့် တည်ဆဲဥပဒေများနှင့် သတ်မှတ်စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက လုပ်ငန်းလိုင်စင် ရုပ်သိမ်းခြင်း၊ ဆိုင်အား ပိတ်သိမ်း၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ သတ်မှတ်ချက်များကို တိကျစွာ လိုက်နာရေးစသည်ဖြင့် မှာကြားရာ လုပ်ငန်းရှင်များကလည်း မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

(၀၉၃)

၀-၀-၀-၀-၀

* စာမျက်နှာ ၂၄ မှ


ဆော်ဒီအာရေဗျအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဆော်ဒီအာရေဗျအသင်း ပင်နယ်တီကန်ခွင့် နှစ်ကြိမ်ရခဲ့ပြီး ပထမပင်နယ်တီကို မြန်မာဂိုးသမား ထက်ဝေယံ ကာကွယ်နိုင်သော်လည်း ပြန်ပိတ်ပြီး ဂိုးရယူခဲ့ခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျအသင်းအတွက် အနိုင်ဂိုးများကို ၅၈ မိနစ်တွင် ဖာရစ်နှင့် ၇၄ မိနစ်တွင် ဒါဝါဆာရီတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် မေ ၁၀ ရက် နံနက် ၀၀ နာရီတွင် တာဂျစ်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

○ စာမျက်နှာ ၂၄ မှ

စီးပွားရေးအခွင့်အလမ်းများကို တိုးတက်စေသည့်အပြင် ကုန်စည်ပို့ဆောင်ရာတွင်လည်း ပိုမိုမြန်ဆန်တိုးတက်လာသည့်အတွက် သယ်ယူပို့ဆောင်စရိတ်များ သက်သာ၍ ဒေသခံပြည်သူများ အနေဖြင့်လည်း ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ပြီး ဒေသအချင်းချင်း ဆက်သွယ်မှုကိုလည်း ခိုင်မာစေခဲ့သည်။ ထို့ပြင် အဆိုပါလမ်းကြောင်းသည် ကျေးလက်ဒေသများမှ ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို မြို့ပြဈေးကွက်များသို့ ပို့ဆောင်ရာတွင်လည်း အရေးပါသည့်လမ်းကြောင်းဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး ဝန်ဆောင်မှုများကို လက်လှမ်းမီရန် အထောက်အကူပြုသည်ဖြစ်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအသုံးဝင်သည့် လမ်းကြောင်းလည်း ဖြစ်သည်။



တပ်မတော်စစ်ကြောင်းများက မန္တလေး- မတ္တရာ- တကောင်း- ထီးချိုင့်- ကသာ-အင်းတော်- မော်လူး-မိုးညှင်း- မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းတံတား ပြန်လည်ပြုပြင်နေမှုနှင့် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် နောင်လုံတံတား ပြန်လည်ပြုပြင်နေမှုနှင့် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် မြို့/ရွာ/ဒေသအချို့ကို ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ကာ အဆိုပါအရေးကြီးသည့်ဆက်သွယ်ရေးလမ်းကြောင်းအား ပိတ်ဆို့လိုက်သည့်အတွက် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ မရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများ ပြတ်လပ်ပြီး ကုန်ချောများလည်း ဈေးကွက်သို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့် နှိပ်စက်မှုများကိုလည်း ခါးသီးစွာခံစားခဲ့ကြရပြီး ၎င်းတို့၏ ဇာတိမြို့ရွာများမှ တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါဆက်သွယ်ရေး လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပြီး စနစ်တကျ စုဖွဲ့ပြင်ဆင်၍ စစ်နည်းဗျူဟာမြောက် ဟန်ချက်ညီညီဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့၊ ရွာများအား တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင်လည်းကောင်း၊ မတ္တရာမြို့၏ အရှေ့ဘက်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသအား ဩဂုတ်လ ၂၄ ရက်နေ့နှင့် အယ်လ်ဖာဘီလပ်မြေစက်ရုံအား ဩဂုတ်လ ၂၈ ရက်နေ့တွင် လည်းကောင်း၊ ဆည်တော်ကြီးဒေသအား နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်း၊ စဉ့်ကူးဒေသအား ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် လည်းကောင်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး- မတ္တရာ- စဉ့်ကူး- သပိတ်ကျင်း ဆက်သွယ်ရေးလမ်းပိုင်းအား လည်းကောင်း၊ တကောင်းမြို့အား ၂၀၂၆ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ပြန်လည် ထိန်းချုပ်ခဲ့ပြီး မန္တလေး- မတ္တရာ- သပိတ်ကျင်း-တကောင်း လမ်းပိုင်း အား လည်းကောင်း၊ တကောင်း-ထီးချိုင့်လမ်းကြောင်းအား မတ်လ ၂၅ ရက်နေ့တွင် လည်းကောင်း၊ ထီးချိုင့်-ကသာလမ်းကြောင်းအား ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ အင်းတော်မြို့အား ဧပြီလ ၃၀ ရက်နေ့တွင် လည်းကောင်း ပြန်လည်ထိန်းချုပ်ခဲ့ပြီး မန္တလေးမြို့မှ အင်းတော်မြို့အထိ ဆက်သွယ်ရေးလမ်းကြောင်းအား လည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် ခက်ခက်ခဲခဲ ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ကာ မေလ ၅ ရက်နေ့တွင် မော်လူးမြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာ၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည်ချိတ်ဆက် ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မန္တလေး- မတ္တရာ-သပိတ်ကျင်း-တကောင်း- ထီးချိုင့်- ကသာ- အင်းတော်- မော်လူး- နန့်စီးအောင်-မိုးညှင်း- မိုးကောင်း - မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီ ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါဆက်သွယ်ရေး လမ်းကြောင်း တစ်လျှောက် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ ရင်ကို မြေကတုတ်လုပ်၍ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် ရှပ်ရှပ်ချွံချွံ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလ ၁ နှစ်နှင့် ၃ လကျော် ကြာမြင့်ခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှု စုစုပေါင်း ၃၂၂ ကြိမ် ဖြစ်ပွားခဲ့ကာ ရန်သူ့ထံမှ အလောင်း ၁၃၈ လောင်း၊ လက်နက်မျိုးစုံ ၃၃၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက် သောင်းကျန်းသူများသည် အဆိုပါဒေသများအား ယာယီထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ/ ဆေးခန်းများနှင့် လူနေအိမ်များအား အကာအကွယ်ရယူ၍ ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေအိမ် အဆောက်အအုံများ အကြားနှင့်အများပြည်သူသွားလာ အသုံးပြုသည့် ဆက်သွယ်ရေး လမ်းကြောင်းများ၌ မိုင်းထောင်ခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ရုံထုတ်ပစ္စည်းများကို ကိုယ်ကျိုးစီးပွားအဖြစ်အသုံးချခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိလမ်းတံတားများအား ယုတ်မာရိုင်းစိုင်းစွာ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြသဖြင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုတ်ယုတ်နိမ့်ကျခဲ့ရပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် များစွာ နစ်နာဆုံးရှုံးခဲ့ရကာ ဆင်းရဲဒုက္ခများ ခံစားခဲ့ရသည်။

အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လူမှုစီးပွားဘဝ အဘက်ဘက်မှ ချွတ်ခြုံကျခဲ့ရသည့် ပြည်သူများ အနေဖြင့်လည်း စစ်ပွဲ၏အနိဋ္ဌာရုံများကို လက်တွေ့သိမြင်ခံစားရခြင်း၊ အကြမ်းဖက်မှုများကို လက်မခံနိုင်တော့ခြင်းများနှင့် ရပ်ရွာဒေသကို ယခင်အတိုင်း အေးချမ်းသာယာစွာ ရှိနေစေလိုခြင်းတို့ကြောင့် အကြမ်းဖက်သမားများ၏ သတင်းများကို တပ်မတော်ထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့၍ တပ်မတော်နှင့်ပူးပေါင်းလာကြသည်။ ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံ ယုံကြည်လာခဲ့ကြပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အမည်ခံ အဖွဲ့ဝင်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်အချို့ကလည်း အကြမ်းဖက်လုပ်ရပ်များကို နှိမ်နင်းနိုင်ရေးအတွက် အကြမ်းဖက်သမားများ၏ သတင်းများကို တပ်မတော်သို့ ပေးပို့ခြင်းဖြင့် ပူးပေါင်းပါဝင်လာကြကြောင်း သိရသည်။

ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့၊ ရွာ များ၊ ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ပြီး ဒေသတွင်း ကုန်စည်စီးဆင်း ကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ ပညာရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာ ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိကြောင်းနှင့် ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အသက်ကိုပင် ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ နေ့မအားညမနား အစွမ်းကုန် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြသည့် အောင်ပွဲရ တပ်မတော်သားများအား လမ်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လှိုက်လှဲဝမ်းသာစွာ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည့် မြင်ကွင်းများမှာလည်း ငြိမ်းချမ်းမှု၏ အနှစ်သာရကို ကိုယ်တိုင်ခံစား သိမြင်ရသည့် ဒေသခံပြည်သူများ၏ ဝမ်းသာဂုဏ်ယူကြိုဆိုမှုများပင် ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါဒေသများ အတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ကာ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဒေသခံပြည်သူများ၏ နေအိမ် အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် လမ်းတံတားများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၀ သို့ ○

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ မေ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို မေ ၄ ရက် နံနက် ၇ နာရီက အဆိုပါဈေးအတွင်း၌ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **(ဝဲပုံ) ဇော်ထက်(သရက်)**



## ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ကြီးရပ်ကွက်၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား မေ ၆**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ကြီးရပ်ကွက်၌ ပိုင်ရှင် ဦးမှိုင(၄၅)နှစ်ဆိုသူ၏ (၂၄ ×၂၀)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းထားရှိသည့် မီးပလပ်ခုံအပူလွန်ကဲရာမှ အနီးရှိ ထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ခြောက်စီးဖြင့် မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (၂၄×၂၀)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်အပေါ်ထပ် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးမှိုင ဆိုသူအား မြစ်ကြီးနားနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ခရီးသည်တင်မော်တော်ယာဉ်က လမ်းဖြတ်ကူးသည့် ကျွဲလှည်းအား တိုက်မိခဲ့သဖြင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး မေ ၆**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၌ ခရီးသည်တင်မော်တော်ယာဉ်က လမ်းဖြတ်ကူးသည့် ကျွဲလှည်းအား တိုက်မိခဲ့သဖြင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၃၆ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇောမိကုန်းအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မြို့မှ မန္တလေးမြို့ဘက်သို့ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဆားရွှေကင်းရပ်ကွက်နေ ဦးသိန်းတန်(၄၂)နှစ်ဆိုသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၀ ဦး လိုက်ပါလာသည့် SCANIA ခရီးသည်တင် မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းဖြတ်ကူးသည့် အုတ်တွင်းမြို့နယ်၊ ဘုန်းကျေးရွာနေ ဦးထွန်းနိုင်ဦး(၃၈)နှစ်ဆိုသူ မောင်းနှင်သည့် ကျွဲလှည်းအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ထွန်းနိုင်ဦးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ထွန်းနိုင်ဦးဆိုသူအား ဇောမိကုန်းအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**မိုင်းပျဉ်း မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့တို့တွင် ယမန်နေ့ နံနက် ၁၁ နာရီက လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီး လူနေအိမ်အချို့ ပျက်စီးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် မိုင်းပျဉ်းမြို့နယ်၊ ပျက်ကန့်ကျေးရွာအုပ်စု၊ ဝမ်ကန်(၁)ကျေးရွာတွင် လူနေအိမ်ကိုးလုံး၊ မိုင်းပုအွန်ကျေးရွာအုပ်စု၊ ဝမ်ပေါင်ကျေးရွာတွင် လူနေအိမ်တစ်လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ စုစုပေါင်းအိမ်ခြေ ၁၁ လုံး ပျက်စီးခဲ့ကာ လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် လေဘေးသင့်အိမ်ထောင်စုများအား နီးစပ်ရာဆွေမျိုးနေအိမ်များသို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များက ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် မေ ၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၃ ရက် ည ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဇီဇဝါပန်းအဝိုင်းအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ အောင်ဖြိုးကျော်(၄၀)နှစ်ဆိုသူသည် KENBO-STAR ဆိုင်ကယ်အား ပျဉ်းမနားမြို့မှ စည်ပင်မီးပွိုင့်ဘက်သို့ မောင်းနှင်လာစဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင် သပြေကုန်းဘက်မှ ပျဉ်းမနားမြို့ဘက်သို့ အောင်ဇမ္ဗူရပ်ကွက်နေ ဦးဝင်းနိုင်(၆၃)နှစ် မောင်းနှင်လာသည့် YGN-13/9C---- TOYOTA HILUX SURF မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် အောင်ဖြိုးကျော်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့သောကြောင့် အောင်ဖြိုးကျော်ဆိုသူအား ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁)မြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



○ စာမျက်နှာ ၉ မှ

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်လျက် ရှိသည်။ NUG ၊ CRPH တို့၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် PDF အမည်ခံ အဖွဲ့ဝင်များအနေဖြင့်လည်း ၎င်းတို့ကြောင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံး၍ ထိခိုက်နစ်နာခဲ့ရသည်မှာ လက်တွေ့ပင်ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်ဆန္ဒရှိပြီး နိုင်ငံတော်ကို အမှန်တကယ်အကျိုးပြုလိုပါက နီးစပ်ရာလုံခြုံရေးတပ်/စခန်းများနှင့် ချိတ်ဆက်၍ အမြန်ဆုံး အလင်းဝင်ရောက်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်ထားပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ- အင်းတော်- မော်လူး- နန့်စီးအောင်- မိုးညှင်း- မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်

**တံတားဦး မေ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အုတ်ကျုတ်ဖိုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆက်လက်၍ တံတားဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းကို အုတ်ကျုတ်ဖိုကျေးရွာမှ သင်တန်းသား၊သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို မေ ၆ ရက်မှ မေ ၈ ရက်အထိ ၃ ရက်ကြာ စာတွေ့၊လက်တွေ့အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

(ဝဲပုံ)

**အောင်ရဲကျော်**



# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေး

**တောင်တွင်းကြီး မေ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးသီတာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ စမ်းကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ်ရှစ်သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၄၃၃ သိန်းငါးသောင်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ်ရှစ်သိန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၉ သိန်းငါးသောင်းအထိ ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နှံ့ယဉ်ဝင်း**

# ယူ-၁၉ နှင့် ယူ-၁၆ မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲများ မေလဒုတိယပတ်တွင် သုဝဏ္ဏကွင်း၌ စတင်ကျင်းပမည်

**မန္တလေး မေ ၆**

၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ယူ-၁၉ နှင့် ယူ-၁၆ ဖူဆယ်လိဂ် ဘောလုံးပြိုင်ပွဲများကို လာမည့်မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းဝင်းအတွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။



အဆိုပါ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီတို့က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး အသက်အုပ်စုအလိုက်ပြိုင်ပွဲနှစ်ခုလုံးတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းစီဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ပြိုင်ပွဲကာလသတ်မှတ်ချက်များအရ ယူ-၁၆ ဖူဆယ်လိဂ် ပထမအကျော့ကို မေ ၁၀ ရက်မှ ဇူလိုင် ၁၉ရက်အထိလည်းကောင်း၊ ဒုတိယအကျော့ကို ဇူလိုင် ၂၆ ရက်မှ အောက်တိုဘာ ၄ ရက်အထိလည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်သည်။

အလားတူ ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင်လည်း ပထမအကျော့ကို မေ ၉ ရက်မှ ဇူလိုင် ၁၈ ရက်အထိ သတ်မှတ်ထားပြီး ဒုတိယအကျော့ ပွဲစဉ်များကို ဇူလိုင် ၂၅ ရက်မှ အောက်တိုဘာ ၃ ရက်အထိ အားကစားဝါသနာရှင်များ ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။

မြန်မာ့ဖူဆယ်လောကအတွက် မျိုးဆက်သစ်ကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်သည့် ဤလူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲများကို ပြီးခဲ့သည့် ရာသီကပင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ကာ ယခုနှစ်တွင် ဒုတိယအကြိမ်မြောက်အဖြစ် ဆက်လက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၈)**

# ကျွန်းလှမြို့နယ်တွင် မိုးမြေပဲများ စတင်စိုက်ပျိုး

**ကျွန်းလှ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပြည်တွင်းစားသုံးဆီဖူလုံပြီး ပြည်ပစားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲများ စတင်စိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံများကို မိုးရာသီနဲ့ ဆောင်းရာသီမှာ အဓိကထား စိုက်ပျိုးကြပါတယ်။ ကျွန်တော် ဒီနှစ် မိုးရာသီမှာ မြေပဲ ငါးဧကစိုက်ပျိုးဖို့ ရည်ရွယ်ထားပြီး သုံးဧကစိုက်ပျိုးပြီးဖြစ်ပါတယ်။ အရင်နှစ်က မိုးမြေပဲစိုက်ပျိုးရာမှာ ဆောင်းမြေပဲစိုက်ပျိုးဖို့ မျိုးရရှိတဲ့အပြင် အကျိုးအမြတ်လည်းရရှိခဲ့ပါတယ်"ဟု မန်ကျည်အင်းကျေးရွာမှ မိုးမြေပဲစိုက်တောင်သူ ဦးရာစိန်က ပြောသည်။

အဆိုပါမိုးမြေပဲစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ မြေယာစနစ်တကျပြုပြင်ရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ စိုက်ပျိုးခဲ့ပြီး မိုးမြေပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၄၈၀)**

တိုက်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင်
မတွေ့မြင်က၊ ဝန်းကျင်ခြောက်ခန်း၊ စိတ်ပင်ပန်း၏။

# ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ချထားပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ မေ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ချထားပေးနိုင်ရေးအတွက် မေ ၅ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လယ်ကိုင်းကျေးရွာအုပ်စု၊ ရှမ်းတောကျေးရွာသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဦးစွာ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှမ်းတောကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ အစိုးရသစ်လက်ထက် ရက်(၁၀၀) စီမံချက်ကာလအတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှမ်းတောကျေးရွာ၌ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် နေအိမ်များ လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၄၅)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း နေပြည်တော် လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံ

နေပြည်တော် မေ ၆

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်းလူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Royal President Hotel ၌ ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း နေပြည်တော်လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက မြန်မာနိုင်ငံ၌ရှိသည့် အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိ လူဦးရေသန်းပေါင်း ၁၆ သန်းကျော်သည့် လူငယ်များဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရန် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုအခမ်းအနားသို့ တက်ရောက်လာကြသူများသည် တိုင်းပြည်၏ ခွန်အားများဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်၍ နိုင်ငံ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေကြောင်း။

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိတို့ သက်ဆိုင်ရာစခန်းအသီးသီးသို့ ပြန်လည်ရောက်ရှိသည့်အခါ ဒေသန္တရဗဟုသုတများကို လေ့လာမှတ်သား၍ လူငယ်များအချင်းချင်း လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဖလှယ်ကြပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ မိမိနေရပ်သို့ပြန်ရောက်သည့်အခါ နိုင်ငံတော်အတွက် အကျိုးပြုလုပ်ငန်းများတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ မိမိတို့တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ပြီး နိုင်ငံ၏ အားထားရာ၊ နိုင်ငံ၏မျှော်လင့်ချက်၊ မြန်မာ့လူ့အဖွဲ့အစည်းတိုးတက်စေရန်နှင့် နောင်မျိုးဆက်များက မှတ်တမ်းတင်နိုင်ပြီး နိုင်ငံအတွက်တန်ဖိုးရှိသည့် အနာဂတ်ခေါင်းဆောင် လူရည်ချွန်များ၊ လူတော်လူကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ Grade-9 ပြင်ဦးလွင်လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၉၆ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ Grade-10 အင်းလေးလူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၁၃၂ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ Grade-11 ငွေဆောင်လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၁၃၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒွါဒသမတန်း နေပြည်တော်လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၉၉ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ချောင်းသာလူရည်ချွန်စခန်းတွင် ပထမနှစ်လူရည်ချွန်မောင်မယ် ၁၄၈ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒုတိယနှစ် လူရည်ချွန်မောင်မယ် ၁၄၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦးတို့ကို ဒေသန္တရဗဟုသုတများ လေ့လာမှတ်သားနိုင်စေရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် အနာဂတ်ခေါင်းဆောင် လူတော်လူကောင်းများ ဖြစ်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူရည်ချွန်စခန်း ငါးခုတွင် လေ့လာရေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်းအသီးသီးသို့ စတင်ထွက်ခွာ၊ ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်

နေပြည်တော် မေ ၆

နေပြည်တော် လူရည်ချွန်အပန်းဖြေစခန်းတွင် ရောက်ရှိနေသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၉၉ ဦးသည် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများ၊ အသံလွှင့်လုပ်ငန်းများနှင့် စိန်ရတုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းများသို့ လာရောက်ကြသည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုနှုတ်ဆက်စဉ်။

## ကြည့်ရှုလေ့လာ

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသားကျောင်းသူများသည် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်စက်ရုံနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များကို ကြည့်ရှုလေ့လာကြသည်။

အလားတူ ပြင်ဦးလွင်လူရည်ချွန်စခန်းကိုအခြေပြု၍ ဒေသန္တရဗဟုသုတများ လေ့လာကြမည့် နဝမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူ ၉၆ ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ၁၈ ဦးသည် နေပြည်တော်စုရပ်စခန်းမှ ပြင်ဦးလွင်သို့ ထွက်ခွာကြပြီး မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ လူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ပန်းစည်းများဖြင့်လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့ပြင် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် ၂၀၂၆ ခုနှစ် Grade -10 လူရည်ချွန် ကျောင်းသားမောင်မယ် ၁၃၂ ဦး၊ ကြီးကြပ်ဆရာ ဆရာမ ၁၈ ဦးသည် ရှမ်းပြည်နယ်ကလောမြို့သို့ ရောက်ရှိရာ ကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘင်ခရာတပ်ဖွဲ့နှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများက သောင်းသောင်းဖြဖြ ကြိုဆိုကြပြီး မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ ရောက်ရှိလာရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဘင်ခရာတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် လည်းကောင်း၊ အိုးစည်ဗုံမောင်းများ တီးမှုတ်၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး ငွေဆောင်လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် Grade-11 လူရည်ချွန်မောင်မယ် ၁၃၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ချောင်းသာ လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် ပထမနှစ် လူရည်ချွန်မောင်မယ် ၁၄၈ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒုတိယနှစ် လူရည်ချွန်မောင်မယ် ၁၄၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦးတို့အား ညနေပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများက ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ငွေဆောင်လူရည်ချွန်စခန်းသို့ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းသို့ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ်များအား တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်စဉ်။

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

**အောင်မျိုးမြတ်(မန္တလေး)**



## ဒူးရင်းသီး

ဒူးရင်းသီးကို အသီးများရဲ့ဘုရင်လို့ ခေါ်ဆိုကြပြီး အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သော်လည်း အလွန်အကျွံစားသုံးမိရင် ဆိုးကျိုးများရှိနိုင်ပါတယ်။

### ကောင်းကျိုးများ

**၁။ စွမ်းအင်မြှင့်တင်ပေးတယ်**

ဒူးရင်းသီးမှာ ကာဗိုဟိုက်ဒရိတ်နဲ့ ကယ်လိုရီမြင့်မားစွာပါဝင်သောကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ စွမ်းအင်ကို လျင်မြန်စွာ ရရှိစေပါတယ်။

**၂။ အစာခြေစနစ်ကို ကောင်းမွန်စေတယ်**

အမျှင်ဓာတ်(Fiber) ကြွယ်ဝသဖြင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး အစာခြေစနစ်ကို အထောက်အကူပြုပါတယ်။

**၃။ နှလုံးကျန်းမာရေးကို ကောင်းစေတယ်**

ပိုတက်စီယမ် ပါဝင်မှုမြင့်မားသောကြောင့် သွေးတိုးကျစေရန် ကူညီပေးပြီး နှလုံးကျန်းမာရေးအတွက် ကောင်းမွန်စေပါတယ်။

**၄။ စိတ်ဖိစီးမှုကို လျှော့ချပေးတယ်**

ဒူးရင်းသီးမှာပါဝင်တဲ့ အမိုင်နိုအက်စစ်က ခန္ဓာကိုယ်အတွင်းမှာ Serotonin အဖြစ်ပြောင်းလဲသွားပြီး စိတ်ကို ကြည်လင်လန်းဆန်းစေကာ အိပ်ပျော်ဖို့ လွယ်ကူစေပါတယ်။

**၅။ သွေးအားကောင်းစေတယ်**

ဒူးရင်းသီးမှာ ဖောလစ်အက်စစ်နဲ့ သံဓာတ်တို့ ပါဝင်သောကြောင့် သွေးအားနည်းရောဂါကို ကာကွယ်ပေးပြီး သွေးအားကောင်းမွန်စေပါတယ်။

**၆။ ကိုယ်အလေးချိန်တက်စေတယ်**

ဒူးရင်းသီးဟာ အဆီနဲ့ ကယ်လိုရီ အလွန်မြင့်မားသော အသီးဖြစ်သောကြောင့် အလွန်အကျွံစားမိပါက ကိုယ်အလေးချိန် တက်စေနိုင်ပါတယ်။

**၇။ သွေးတွင်းသကြားဓာတ်တက်စေတယ်**

သဘာဝသကြားဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ဆီးချိုရောဂါရှိသူများ အထူးသတိထားစားသုံးသင့်ပါတယ်။

**၈။ ခန္ဓာကိုယ်အပူတက်စေတယ်**

ဒူးရင်းသီးဟာ 'အပူစာ'ဖြစ်တဲ့အတွက် အလွန် အကျွံစားမိပါက လည်ချောင်းနာခြင်း၊ အပူကန်ခြင်းနဲ့ ဗိုက်ပွခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။

**၉။ ကျောက်ကပ်ရောဂါရှိသူများ သတိထား**

ပိုတက်စီယမ် ပါဝင်မှုများပြားလွန်းသောကြောင့် ကျောက်ကပ်မကောင်းသူများအတွက် အန္တရာယ်ရှိနိုင်ပါတယ်။

### ရှောင်ရန်/ဆောင်ရန်

**၁။ အရက်နဲ့ တွဲမစားပါနဲ့**

ဒူးရင်းသီးမှာ ပါဝင်တဲ့ ကန့်ဓာတ်(Sulfur Compounds)ဟာ ခန္ဓာကိုယ်မှ အရက်ကိုချေဖျက်နိုင်တဲ့ လုပ်ငန်းစဉ်ကို နှောင့်နှေးစေပြီး ရင်တုန်ခြင်း၊ ပျို့အန်ခြင်းနဲ့ အပြင်းအထန်နေမကောင်းခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။

**၂။ ရေများများသောက်ပါ**

ဒူးရင်းသီးစားပြီးပါက ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိနိုင်ရန် ရေများများသောက်ပေးသင့်ပါတယ်။ (အချို့က ဒူးရင်းသီးခွံထဲတွင် ရေထည့်သောက်ခြင်းဖြင့် အပူငြိမ်းသည်ဟု ယူဆကြပါတယ်။)

**၃။ နံနက်စာအဖြစ် စားသုံးပါ**

ညဘက်တွင် စားသုံးပါက အစာမကြေခြင်းနဲ့ ဗိုက်အောင့်ခြင်းတို့ ဖြစ်နိုင်သဖြင့် နေ့ဘက်တွင် စားသုံးခြင်းက ပိုကောင်းပါတယ်။

### အကြံပြုချက်

တစ်နေ့ကို ဒူးရင်းသီး နှစ်မြွာ၊ သုံးမြွာထက် ပိုမစားသင့်ဘဲ မိမိရဲ့ ကျန်းမာရေးအခြေအနေပေါ် မူတည်ပြီး ချင့်ချိန်စားသုံးသင့်ပါတယ်။



## ပိန္နဲသီး

ပိန္နဲသီးဟာ အရသာရှိရုံတင်မကဘဲ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်တွေ ကြွယ်ဝစွာ ပါဝင်တဲ့ အသီးတစ်မျိုးဖြစ်ပါတယ်။ ပိန္နဲသီးစားသုံးပေးခြင်းဖြင့် အောက်ပါ ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေမှာဖြစ်ပါတယ်။

**၁။ အစာခြေစနစ်ကို ကောင်းမွန်စေတယ်**

ပိန္နဲသီးမှာ အမျှင်ဓာတ်(Fiber) ကြွယ်ဝစွာ ပါဝင်သောကြောင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေပါတယ်။ အစာခြေစနစ်ကို ကျန်းမာစေတဲ့အပြင် အူမကြီးကင်ဆာဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ပါတယ်။

**၂။ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးတယ်**

ပိန္နဲသီးမှာ ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်း(Antioxdants)များ ပါဝင်သောကြောင့် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကို အားကောင်းစေပြီး ရောဂါပိုးမွှားတွေကို တိုက်ဖျက်ရာမှာ ကူညီပေးပါတယ်။

**၃။ သွေးပေါင်ချိန်ကို ထိန်းညှိပေးတယ်**

ပိန္နဲသီးမှာ ပိုတက်စီယမ်ဓာတ် ကြွယ်ဝစွာပါဝင်ပါတယ်။ ပိုတက်စီယမ်ဟာ ခန္ဓာကိုယ်တွင်းက ဆိုဒီယမ်ပမာဏကို ထိန်းညှိပေးပြီး သွေးကြောတွေကို ပြေလျော့စေသောကြောင့် သွေးတိုးကျစေဖို့နဲ့ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုပါတယ်။

**၄။ အသားအရေနဲ့ အမြင်အာရုံကို ကောင်းမွန်စေတယ်**

ပိန္နဲသီးမှာ ဗီတာမင်အေ ပါဝင်မှုမြင့်မားသောကြောင့် အမြင်အာရုံချို့ယွင်းခြင်း(ဥပမာ-ကြက်မျက်သင့်ရောဂါ)ကို ကာကွယ်ပေးပြီး အသားအရေကို စိုပြည်ဝင်းပစေကာ အရွယ်မတိုင်ခင် အရေးအကြောင်းဖြစ်ခြင်းကို လျှော့ချပေးပါတယ်။

**၅။ စွမ်းအင်ကို လျင်မြန်စွာ ရရှိစေတယ်**

ပိန္နဲသီးမှာ သဘာဝသကြားဓာတ်တွေဖြစ်တဲ့ Fructose နဲ့ Sucrose တို့ ပါဝင်သောကြောင့် စားလိုက်တဲ့အခါ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ စွမ်းအင်ကို ချက်ချင်းဖြည့်ဆည်းပေးနိုင်ပါတယ်။ အားကစားလုပ်သူတွေနဲ့ ပင်ပန်းနွမ်းနယ်သူတွေအတွက် သင့်တော်ပါတယ်။

**၆။ အရိုးကို သန်မာစေတယ်**

ပိန္နဲသီးမှာ အရိုးကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ မဂ္ဂနီစီယမ်နဲ့ ကယ်လ်စီယမ်ဓာတ်တွေပါဝင်သောကြောင့် အရိုးပွရောဂါမဖြစ်အောင် ကာကွယ်ပေးပြီး အရိုးတွေကို သန်မာစေပါတယ်။

### သတိပြုရန်

ပိန္နဲသီးဟာ ကျန်းမာရေးနဲ့ညီညွတ်ပေမယ့် သကြားဓာတ်ပါဝင်မှု မြင့်မားသောကြောင့် ဆီးချိုရောဂါရှိသူများအနေနဲ့ အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။

ပိန္နဲသီးကို အမှည့်အတိုင်း စားသုံးနိုင်သလို ပိန္နဲသီးအစိမ်းကိုလည်း ဟင်းချက်စားခြင်းဖြင့် အာဟာရဓာတ်များစွာ ရရှိနိုင်ပါတယ်။



## ကြက်မောက်သီး

**၁။ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးတယ်**

ကြက်မောက်သီးမှာ ဗီတာမင်စီ ကြွယ်ဝစွာ ပါဝင်တဲ့အတွက် ခန္ဓာကိုယ်ရဲ့ ခုခံအားကို ကောင်းမွန်စေပြီး ဖျားနာခြင်းနဲ့ ကူးစက်ရောဂါတွေကို ကာကွယ်ပေးပါတယ်။

**၂။ အစာခြေစနစ်ကို အထောက်အကူပြုတယ်**

အမျှင်ဓာတ်(Fiber) ပါဝင်မှုမြင့်မားသောကြောင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။

**၃။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်တယ်**

ခန္ဓာကိုယ်အတွင်းရှိဆဲလ်များ ပျက်စီးမှုကို ကာကွယ်ပေးနိုင်တဲ့ Antioxidants များစွာပါဝင်ပါတယ်။

**၄။ စွမ်းအင်တိုးပွားစေတယ်**

သဘာဝသကြားဓာတ်နဲ့ ရေဓာတ်ပါဝင်မှုမြင့်မားသောကြောင့် မောပန်းနွမ်းနယ်မှုကို ပြေပျောက်စေပြီး လန်းဆန်းစေကာ စွမ်းအင်ကို တိုးပွားစေပါတယ်။

**၅။ အရိုး၊ အဆစ်များကို သန်မာစေတယ်**

ဖော့စဖောရပ်စ်နဲ့ ကယ်လ်စီယမ်တို့ ပါဝင်သောကြောင့် အရိုး၊ အဆစ်များကို သန်မာစေပြီး အရိုးပွရောဂါမဖြစ်အောင် ကူညီပေးပါတယ်။

### သတိပြုရန်

**၁။ သကြားဓာတ်မြင့်မားတယ်**

ကြက်မောက်သီးမှာ သဘာဝသကြားဓာတ်များစွာပါဝင်တဲ့အတွက် ဆီးချိုရောဂါရှိသူများ အလွန်အကျွံစားသုံးရန် မသင့်တော်ပါ။

**၂။ အလွန်အကျွံမှည့်သောအသီးများ**

အလွန်အကျွံမှည့်ပြီး နူးအိနေတဲ့ ကြက်မောက်သီးတွေမှာ သကြားဓာတ်က Alcohol အဖြစ်ပြောင်းလဲသွားနိုင်သောကြောင့် သွေးတိုးရှိသူများ သတိထားစားသုံးသင့်ပါတယ်။

**၃။ အစေ့ကို မစားသင့်**

ကြက်မောက်သီးအစေ့မှာ အဆိပ်အတောက်ဖြစ်စေနိုင်တဲ့ ဒြပ်ပေါင်းအချို့ ပါဝင်သောကြောင့် အစေ့ကို ဝါးစားခြင်း (သို့မဟုတ်) မျိုချခြင်းမပြုလုပ်သင့်ပါ။

**၄။ ဓာတ်မတည့်ခြင်း**

အချို့သူများတွင် ကြက်မောက်သီးနဲ့ ဓာတ်မတည့်ဘဲ ယားယံခြင်း၊ အင်ပြင်ထွက်ခြင်းများ ဖြစ်တတ်ပါတယ်။

### အကြံပြုချက်

ကြက်မောက်သီးကို အလယ်အလတ်ပမာဏ (တစ်နေ့လျှင် ငါးလုံးမှ ဆယ်လုံးခန့်)သာ စားသုံးခြင်းက ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်ပါတယ်။ အသီးကို ရွေးချယ်ရာမှာလည်း လတ်ဆတ်ပြီး အခွံအရောင်တောက်ပတဲ့ အသီးများကိုသာ ရွေးချယ်စားသုံးသင့်ပါတယ်။



## မုယားကြီးရွက် (ခ) မိုးလွှာရွက်

မြန်မာ့တိုင်းရင်းဆေးပညာတွင် မုယားကြီး (Adhatoda Vasica) သည် အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအတွက် အလွန်ထင်ရှားပြီး "အဆုတ်၏ အားကိုးရာ" ဟုပင် တင်စားကြသော ဆေးပင်ဖြစ်ပါတယ်။

မုယားကြီးရွက်၏ အဓိကစွမ်းရည်မှာ ချွဲကို ပျော်စေပြီး အသက်ရှူရလွယ်ကူလို့ ချောင်းဆိုးခြင်းနဲ့ ပန်းနာရင်ကြပ်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

မုယားကြီးရွက်ကို ရေစင်အောင်ဆေး၍ ထောင်းပြီး ညှစ်ယူထားသောအရည် (လက်ဖက်ရည်ဇွန်းတစ်ဇွန်း)ကို ပျားရည်(လက်ဖက်ရည်ဇွန်းတစ်ဇွန်း)နဲ့ရောပြီး တစ်နေ့လျှင် သုံးကြိမ်သောက်ပေးပါ။

အဆုတ်ရောင်ခြင်း (သို့မဟုတ်)အအေးမိခြင်းကြောင့်ဖြစ်သော ဖျားနာမှုများကိုလည်း ပျောက်ကင်းစေပါတယ်။

မုယားကြီးရွက်ကို ရေနွေးကြမ်းသောက်သလို ခတ်သောက်ခြင်း(သို့မဟုတ်)အရွက်ကို ပြုတ်၍ ထိုပြုတ်ရည်ကို သောက်ပေးခြင်းဖြင့် ကိုယ်တွင်းအပူကိုကျစေပြီး အဆုတ်ကို အားကောင်းစေပါတယ်။

အအေးမိနှာစေးခြင်းကြောင့်ဖြစ်သော အဖျားနဲ့ ငှက်ဖျားရောဂါများတွင် မုယားကြီးရွက်ကို ပြုတ်သောက်ခြင်းဖြင့် ကိုယ်အပူချိန်ကို ကျဆင်းစေပါတယ်။

မုယားကြီးရွက်ဟာ သွေးကြောများကို ကျုံ့စေသော ဂုဏ်သတ္တိရှိသဖြင့် သွေးသွန်ခြင်းကို တားဆီးပေးနိုင်ပါတယ်။

နှာခေါင်းသွေးယိုခြင်း၊ ချောင်းဆိုးသွေးပါခြင်း(သို့မဟုတ်)သွေးအန်ခြင်းများအတွက် မုယားကြီးရွက် သတ္တုရည်ကို အသုံးပြုလေ့ရှိပါတယ်။

မုယားကြီးရွက်ကို အနည်းငယ်နွမ်းသွားအောင် မီးကင်ပြီး အဆစ်အမြစ်ရောင်ရမ်းနေသော နေရာများကို စည်းပေးခြင်း(သို့မဟုတ်)အရွက်ကို ထောင်း၍ အုံပေးခြင်းဖြင့် အရောင်ကျစေပြီး အကိုက်အခဲ သက်သာစေပါတယ်။

### သတိပြုရန်

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မုယားကြီးရွက်ကို သုံးစွဲရန် မသင့်တော်ပါ။ သားအိမ်ကျုံ့ခြင်းကို ဖြစ်စေနိုင်ပါတယ်။

မုယားကြီးရွက်ဟာ အလွန်ခါးသောကြောင့် ပျားရည်နဲ့ ရောစပ်သောက်သုံးခြင်းက ပိုမိုထိရောက်သလို သောက်ရတာလည်း လွယ်ကူစေပါတယ်။


**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား - Tik Tok**

## စာအုပ်စင်ကဏ္ဍ

## ဖော်ညွှန်းသိ

| | |
|---|---|
| စာအုပ်အမည် | - ကလေးများအတွက် အင်္ဂလိပ်စာ |
| စာရေးသူ | - ဒေါက်တာစိုးသန်း |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| စာမျက်နှာ | - ၂၇၀ မျက်နှာ |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့်အတွင်း သရုပ်ဖော်ပန်းချီ | - ဖေသစ်တည် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ မတ်လ(ပထမအကြိမ်) |




ဆက်သွယ်ရေး စွမ်းရည်၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှု၊ လူမှုရေးနှင့်အခြားယဉ်ကျေးမှုဆိုင်ရာများကို နားလည်မှု၊ စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်နှင့် မိမိကိုယ်ကိုသိမြင်နိုင်မှု၊ နည်းပညာဆိုင်ရာ တတ်ကျွမ်းမှု၊ ကျန်းမာရေးဆိုင်ရာ တတ်ကျွမ်းမှုနှင့် မိမိကိုယ်ကို တာဝန်ယူမှုနှင့် စာရိတ္တကျင့်ဝတ် ပျိုးထောင်မှု စသည်တို့ကို အခြေပြု၍ ရေးသားထားသည်။

နေ့စဉ်ဘဝတွင် အသုံးဝင်သော အင်္ဂလိပ်စကားကို ကလေးငယ်များလက်ထဲ ရောက်ရှိစေပြီး သဘာဝကျကျ ကျွမ်းကျင်စွာ ပြောဆိုနိုင်ရေးအတွက် သူတို့ ငယ်စဉ်ကတည်းကပင် လက်တွဲလမ်းညွှန် ပေးထားသည့် စာအုပ်ဖြစ်သည်။

ကလေးများအား သင်ပြပေးရန် ဝါကျပေါင်း ၁၀၀၀ ကျော်၊ ဝေါဟာရပေါင်း ၁၀၀၀ ကျော် ပါဝင်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို (မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ဂုဏ်ပြုအမှတ်တရ၏ အမှတ်တရ |
| စာရေးသူ | - ကလောင်စုံ |
| ထုတ်ဝေသည့်စာပေတိုက် | - ဖိုးဝစာပေ |
| စာမျက်နှာ | - ၃၆ မျက်နှာ |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - ကိုဘိုကြီး |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ မတ်လ |

မန္တလေးမြို့ပေါ်မှ စာရေးဆရာ၊ ဆရာမများဖြစ်သော ဆရာလေးမောင်(မဟာနွယ်စဉ်)၊ ဆရာ M-ဇော်(တေးရေး၊ တေးဆို)၊ ဆရာမသင်းသင်း(မန္တလာ)၊ ဆရာရွှေနေမောင်မောင်ညို၊ ဆရာဝေမင်းသန့်(မန်းကျည်းပုစ်) ဆရာမစု(စံငြိမ်း)တို့၏ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ တေးသီချင်းတို့ကို စုစည်းထုတ်ဝေထားသည်။



ဆရာမသင်းသင်း(မန္တလာ)၏စီစဉ်မှုဖြင့် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ကို အမှတ်တရ ဂုဏ်ပြု ထုတ်ဝေခြင်းဖြစ်ပြီး မန္တလေးတက္ကသိုလ် ပတ်သက်သည့် ရင်ခုန်သံအချို့ ရေးဖွဲ့သီကျူးထားသည်။ မန္တလေးတက္ကသိုလ် အလွမ်းပြေဖတ်ရှုရမည့် စာအုပ်ဖြစ်ရာ မန္တလေးမြို့ရှိ နဂါးစာပေ၊ မိုးကောင်းကင်စာပေနှင့် ညီစာပေတို့တွင် ဝယ်ယူ အားပေးဖတ်ရှုနိုင်သည်။

*-*-*-*-*

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မူလတန်းကြိုကျောင်းများဖွင့်လှစ်

**မန္တလေး မေ ၆**

ရှေးဦးအရွယ် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ပညာသင်နှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများကို မေ ၄ ရက်မှ စတင်၍ ဖွင့်လှစ်လျက်ရှိသည်။



မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ရာတွင် အသက် သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် စနစ်တကျ ပြုစုပျိုးထောင်ပေးလျက်ရှိပြီး မူလတန်းကြိုကျောင်းအသီးသီးတွင် ကလေးငယ်များအား ကစားစရာများနှင့် သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာ စီစဉ်ထားရှိရာ ကလေးငယ်များမှာ ပျော်ရွှင်စွာ တက်ရောက်လျက်ရှိသည်။

မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များကို ငယ်စဉ်ကတည်းက စနစ်တကျ လေ့ကျင့်ပေးနိုင်သည့် မူလတန်းကြိုကျောင်းများသို့ စိတ်အေးချမ်းသာစွာ လာရောက်အပ်နှံထားကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ) (၀၄၅)




ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဘဝအလှ တည်နိုင်ကြစေ

* တည်ဘုံလောက၊ ခန္ဓာရ၍
ဖြစ်ကြလူမည်၊ သဏ္ဌာန်တည်သော်
စိတ်ကြည်ဖွေးသန့်၊ မေတ္တာဖြန့်လို့
မွေးပျံ့လွှမ်းစေ၊ ရနံ့ဝေ၍
မှန်ပေလူဖြစ်၊ သတိနှစ်လျက်
မှန်စစ်သဒ္ဒါ၊ ပေးဝေစွာဖြင့်
ချိန်ခါသက်လုံး၊ ရှင်အဆုံးထိ
ချစ်ထုံးပေးဝေ၊ လျှောက်ကြလေ။

* ခဏခရီး၊ လောကကြီးမယ်
မငြီးငွေ့ရာ၊ ဉာဏ်ယှဉ်ဖြာလို့
သူငါအများ၊ တန်းတူထား၍
သိအားစွမ်းအင်၊ မွှန်းသထွင်ကာ
မြော်မြင်သိမှတ်၊ အနေမြတ်ဖို့
စိတ်ဓာတ်မြဲခိုင်၊ တည်မဏ္ဍိုင်ကို
မယိုင်စေရေး၊ ကောင်းရာတွေးလျက်
ကံကြွေးရှောင်စေ၊ လျှောက်ကြလေ။

* လောကတွင်းမှ၊ ဝေနေယျအား
အေးမြသဒ္ဒါ၊ ပေးဝေကာဖြင့်
ကြည်သာရွှင်လန်း၊ နိဗ္ဗာန်နန်းသို့
မပန်းမျှော်ရည်၊ အေးရိပ်တည်သော်
နောင်မည်ကောင်းမြတ်၊ လောဘပြတ်လို့
သိမှတ်အမှန်၊ အမှောင့်ရန်ကို
ကြံပြန်ကောင်းဆို၊ ရန်းထတိုးကာ
ကြောင်းကျိုးဝေမျှ၊ လျှောက်ကြလေ။

* မနေမနား၊ ဉာဏ်ယှဉ်ထား၍
စိတ်အားပြုပြင်၊ ဓားကောင်းသွင်သို့
လျှပ်ထင်လက်လေ့၊ သိမှတ်ပွေ့သော်
တည်ပေ့ခန္ဓာ၊ ရှင်သန်ခါတွင်
ဖြစ်ရာကြငှန်း၊ ဂုဏ်တင့်ဆန်းလို့
ထက်နန်းစံပျော်၊ ချမ်းသာခေါ်သည်
မှန်းမျှော်တွေးဆ၊ ကျင့်ကြံကြ၍
ဘဝလှစေ၊ များမိတ်ဆွေ။

**မင်းမြတ်မိုး(မန်းမြေ)**

# မန္ဟာဘုရားကြီး စိန်ပူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ရွှေပြည်အောင်ပွဲ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ သထုံပြည့်ရှင် မနူဟာမင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် မနူဟာဘုရားကြီး၊ စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ရွှေပြည်အောင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက် နံနက် ၁၀ နာရီက မနူဟာဘုရားဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက ထိုင်တော်မူဆင်းတုတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တင်လှူ ပူဇော်နိုင်ရေးနှင့် ရွှေပြည်အောင်ပွဲကျင်းပနိုင်ရေးအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သံဃာတော် ၁၀၈ ပါး ပင့်ဖိတ်ရေးနှင့် ဆွမ်းကပ်လှူရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ရွှေပြည်အောင်ပွဲလာ ရပ်နီးရပ်ဝေးဧည့်သည်များ ဧည့်ခံကျွေးမွေးရေးတို့အား ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစံထွေးမောင်က ရှင်းလင်းတင်ပြပြီး ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော်တို့အား မြို့တွင်းသို့ လှည့်လည်အပူဇော်ခံနိုင်ရေးတို့အား ရှင်းလင်းတင်ပြပြီး ရွှေပြည်အောင်ပွဲစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၈၁)

**(အောက်ပုံ)**





# မြင်းခြံမြို့၌ ဆန္ဒတော်ပြည့်စေတီတော်(ဒုတိယအကြိမ်) ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ မြို့အတွင်းသို့ လှည့်လည်ပူဇော်

**မြင်းခြံ မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ဆန္ဒတော်ပြည့်စေတီတော်(ဒုတိယအကြိမ်) ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် လှည့်လည်ပူဇော်ခြင်းကို မေ ၄ ရက် နံနက် ၇ နာရီမှ စတင်၍ မြင်းခြံမြို့အတွင်းသို့ လှည့်လည်ပူဇော်လျက်ရှိသည်။

ဆန္ဒတော်ပြည့်စေတီတော်သည် ဂရင်းနစ်စံချိန်ဝင် မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ဆန္ဒတော်အရ တည်ထားတော်မူသော စေတီတစ်ဆူဖြစ်သည်။ ဆန္ဒတော်ပြည့်စေတီတော်(ဒုတိယအကြိမ်) ထီးတော်တင်ခြင်း မပြုလုပ်မီ မြင်းခြံမြို့အတွင်းရှိ ပြည်သူများ ပူဇော်နိုင်ရေးအတွက် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့အား လှည့်လည်ပူဇော်ခြင်းဖြစ်ပြီး ထီးတော်တင်ပွဲအား မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၆၆)**

မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့်
လှူဒါန။



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး မိသားစုတို့က စာအုပ် ၁၁ မျိုးအား အလှူရှင်ကိုယ်စား သုမင္ဂလဓာတ်တော်ဓာတရေ ဦးသန့်ဇင်က ယမန်နေ့က လှူဒါန်းရာ စီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

(ကဆ)

# သက်ကြီးအငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင်များကို ပူဇော်ကန်တော့

**တောင်တွင်းကြီး မေ ၆**

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ကြီးအငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့ ညနေ ၄ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါသက်ကြီးပူဇော်ပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောမောင်၏ ဦးဆောင်မှုဖြင့် သနေ္တနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဦးတို့က သက်ကြီးအငြိမ်းစား မီးသတ်တပ်ဖွဲ့ဝင်များအား ကန်တော့ချိုးဖြင့် ကန်တော့ကာ ရှူဖွယ်ပစ္စည်းနှင့် ငွေသားများ လှူဒါန်းခဲ့ပြီး အငြိမ်းစားသက်ကြီး အဘိုးတစ်ဦးက ဆုမွန်ကောင်းများ တောင်းပေးခဲ့ကြောင်း သိရ သည်။



(ဝဲပုံ)

**ဦးမျိုး(ဗိဿနိုးမြေ)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

# အဘိုး၊ အဘွားများအား တစ်နေ့စာကျွေးမွေး၊ အလှူငွေများ လှူဒါန်း

**ကျိုင်းတုံ မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် အဘိုး၊ အဘွားများအား တစ်နေ့စာကျွေးမွေးပြီး အလှူငွေများ လှူဒါန်းခြင်းကို မေ ၅ ရက် နံနက် ၁၁ နာရီက အမှတ်(၄)ရပ်ကွက်၊ မြို့သစ်ရပ်ရှိ ကျိုင်းတုံဘိုးဘွားရိပ်သာတွင် ကျင်းပခဲ့သည်။

အဆိုပါကျွေးမွေးလှူဒါန်းရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှဦးစီးမှူး ဦးစိုးသူထိုက်၊ နှင့် တပ်ဖွဲ့ဝင်များက အဘိုး၊ အဘွား ၁၃ ဦးအား တစ်နေ့စာ ထမင်းဟင်းလျာများ ကျွေးမွေးပြီး အလှူငွေများ လှူဒါန်းရာ ကျိုင်းတုံဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးလေးဆောင်က လက်ခံရယူပြီး လှူဒါန်းမှုအစုစုအတွက် ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၅၇)

# လေပြင်းတိုက်ခတ်ခဲ့သည့် လူနေအိမ်များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်ဆည် မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဧပြီ ၂၇ ရက် မွန်းလွဲ ၂နာရီက တိုက်ခတ်ခဲ့သည့် လေပြင်းကြောင့် ပျက်စီးသွားသည့် လူနေအိမ်များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့ ညနေ ၄ နာရီက ကျင်းပသည်။

ထိုသို့ ထောက်ပံ့ရာတွင် ဘုံကွင်းကျေးရွာအုပ်စုနှင့် သူငယ်တော်ကျေးရွာအုပ်စုတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လုံးဝပျက်စီးခဲ့သည့် လူနေအိမ်ငါးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ငါးသိန်းနှင့် လူဦးရေ ၁၉ ဦးအတွက် ၇ ရက်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၉၅,၀၀၀၊ အိမ်ထောင်စုတစ်စုအတွက် တန်ဖိုးငွေကျပ် ၅၃၈,၃၉၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ စုစုပေါင်း ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၁,၁၃၃,၃၉၀ အား လေပြင်းသင့်ပြည်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)






# မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေး

## နိဒါန်း

မန္တလေးမြို့သည် မြန်မာနိုင်ငံအထက်ပိုင်း အထင်ကရ မြို့ဖြစ်ပြီး သမိုင်းဝင်အမွေအနှစ်များ ယဉ်ကျေးမှုလေ့ထုံးတမ်းများနှင့် ပြည့်နှက်နေသော မြို့တော်တစ်ခုဖြစ်သည်။ သမိုင်းသာသနာ ယဉ်ကျေးမှုအရ အထူးထင်ရှားပါသည်။ မန္တလေးမြို့ကို မင်းတုန်းမင်းက ၁၈၅၇ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ သာသနာရေးအရ အလွန်အချက်အချာကျပြီး ဘာသာ၊ သာသနာအတွက် အလွန်အရေးပါသောမြို့ ဖြစ်ပါသည်။ မြန်မာ့ရိုးရာ လက်မှုထွန်းကားရာ၊ သီချင်း၊ ကဗျာ၊ ဇာတ်ပွဲတို့၏ အခြေခံရာ "မြန်မာ့ယဉ်ကျေးမှု၏နှလုံးသားမြို့တော်"ဟု ခေါ်ဆိုနိုင်ပါသည်။ နန်းတော်ကြီးနှင့် ကျုံးမြို့ရိုးတို့သည် ရှေးမြန်မာဘုရင်များ၏ အင်ပါယာမြို့တော်ကြီးတစ်ခုဖြစ်ကြောင်း သက်သေထူလျက် ရှိနေပါသည်။ မြို့တော်၏သန့်ရှင်းသာယာလှပမှုသည် မြို့နေပြည်သူများ၏ ကျန်းမာရေး၊ စိတ်ချမ်းသာမှုနှင့် မြို့တော်၏ဂုဏ်သိက္ခာအတွက် အရေးကြီးသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျသော အခန်းကဏ္ဍမှပါဝင်ပါသည်။ စာရေးသူသည် နံနက်တိုင်း ၆ နာရီမထိုးမီ မန္တလေးကျုံးဘေးသို့ လမ်းလျှောက်နေကျဖြစ်သည်။ ထိုအချိန် မြို့တော်စည်ပင်သာယာမှ သန့်ရှင်းရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်နေကြပြီး ယခင်နေ့က တစ်နေ့တာ အမှိုက်များကို သိမ်းဆည်းနေကြသည်။ ကျုံးရေပြင်ရှိ အမှိုက်များကိုလည်း လှေငယ်ဖြင့်လည်းကောင်း၊ ကမ်းစပ်အကြိုအကြားများတွင်လည်းကောင်း စိတ်ရှည်စွာ ဆောင်ရွက်နေကြသည်ကို မြင်တွေ့ရသည်။ မိမိတို့လမ်းလျှောက်အဖွဲ့နှင့် အဆိုပါသန့်ရှင်းရေးလုပ်သားကြီးအချို့နှင့် ရင်းနှီး၍ပင် နေပါသည်။

## လက်ရှိအခြေအနေနှင့် စိန်ခေါ်မှုများ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(MCDC)၏ အချက်အလက်များအရ လေ့လာသိရှိရသည်မှာ မြို့တော်တွင် နေ့စဉ်စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုသည် ၂၀၀၅ ခုနှစ်တွင် ၂၅၉ တန်မှ ၂၀၁၅ ခုနှစ်တွင် ၉၇၅ တန်အထိ တိုးလာခဲ့သည်ဟု လေ့လာသိရှိရသည်။ ဤသို့ စွန့်ပစ်ပစ္စည်းများ တိုးပွားလာခြင်းသည် မြို့တော်၏သန့်ရှင်းရေးအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ လမ်းဘေးဈေးသည်များနှင့် စနစ်တကျမရှိသော ဆိုင်ခန်းများကလည်း မြို့ပြအလှအပကို ထိခိုက်စေသည်။ ထို့အပြင် ရေပေးဝေရေး၊ ရေဆိုးထုတ်စနစ်နှင့် သန့်ရှင်းရေးစနစ်များ၊ မြို့ပြဝန်ဆောင်မှုစနစ်များ၊ မြို့ပြဝန်ဆောင်မှုများအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကြိုးစားဆောင်ရွက်နေကြောင်းကိုလည်း သိရှိရပါသည်။ မြို့တော်စည်ပင်အနေဖြင့် အမှိုက်သိမ်းစနစ်ကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သောမြို့နေလူထု၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်နေမှုများကြောင့် မြို့တော်သာယာလှပရေးကို အနှောင့်အယှက်ဖြစ်စေပါသည်။ လက်ရှိစက်သုံးဆီအခက်အခဲကြုံတွေ့နေရချိန် အမှိုက်သိမ်းကားများ အလျင်မီရေးဆောင်ရွက်နေသော်လည်း လမ်းမထက်သို့ အမှိုက်စွန့်ပစ်မှုမှာ ပို၍သိသာလာနေပါသည်။

## အမှန်တကယ်ဖွံ့ဖြိုးတဲ့မြို့တော်

မြို့တော်တစ်ခု၏ "ဖွံ့ဖြိုးတိုးတက်မှု"ကို ပြောမည်ဆိုလျှင် အဆောက်အအုံ၊ လမ်းမတွေကို ရုပ်ပိုင်းဆိုင်ရာ(Physical Development) သာမက မြို့မှာနေထိုင်သည့် လူတွေရဲ့ စိတ်ဓာတ်၊ သဘောထား၊ ခံယူချက်(Mindset & Values)က ပို၍အရေးကြီးပါသည်။ အဆိုပါနှစ်ခုကို ပေါင်းစပ်ပြီးမှသာ "အမှန်တကယ်ဖွံ့ဖြိုးတဲ့မြို့တော်" ဖြစ်လာနိုင်မည် ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု(Out ter Development)သည် လူတိုင်းမြင်ရလွယ်သည့်အပိုင်းဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ အဆောက်အအုံများ၊ အိမ်ရာစနစ်များ၊ လျှပ်စစ်၊ ရေ၊ ဆက်သွယ်ရေးစနစ်၊ ဆေးရုံ၊ ကျောင်း၊ ဈေးများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးစနစ် စသည်တို့ကို "မြို့၏ ကိုယ်ခန္ဓာ"ဟု ပြောနိုင်ပါသည်။

လူတွေ၏ စိတ်ဓာတ်နှင့် သဘောထား(Inner Development)အပိုင်းက ပိုပြီးနက်ရှိုင်းပါသည်။ မြို့တော်တစ်ခု အမှန်တကယ်တိုးတက်ဖို့ အဓိကအင်အားသည် အဆိုပါနေရာပင် ဖြစ်ပါသည်။ မြို့နေလူထု၏ စည်းကမ်းနှင့် တာဝန်ယူမှု၊ ယာဉ်စည်းကမ်းလိုက်နာခြင်း၊ အမှိုက်ကိုစည်းကမ်းမဲ့မပစ်ခြင်း စသည့် ကိုယ့်တာဝန်ကိုယူခြင်းတို့သည် စနစ်တကျလည်ပတ်နေသော စည်းကမ်းရှိသည့် အမှန်တကယ်ဖွံ့ဖြိုးသည့် မြို့တော်ဖြစ်လာမည် ဖြစ်ပါသည်။

မြို့၏အလှတရားက လူအများ၏စိတ်အတွင်းမှ စတင်ပါသည်။ မိမိကိုယ်ကျိုးထက် အများအကျိုးကို ဦးစားပေးခြင်းဖြင့် ပတ်ဝန်းကျင်ကို မထိခိုက်အောင် ပြုလုပ်ခြင်းသည် လူမှုအသိက်အဝန်းကို တည်ငြိမ်စေပါသည်။ မြို့ကို ကိုယ့်အိမ်လိုသဘောထားပြီး သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းခြင်းသည် မိမိတို့၏သန့်ရှင်းမှုနှင့် အလှအပသဘောကို ပြသရာ ရောက်ပါသည်။ လူမျိုးဘာသာ မခွဲဘဲ အတူနေထိုင်နိုင်ခြင်း၊ အပြန်အလှန်ကူညီခြင်းဆိုသည့် မေတ္တာနှင့် သဟဇာတဖြစ်စိတ်တို့သည် နေချင်စရာကောင်းသော နေရာတစ်ခုဖြစ်စေပါသည်။ ဤမျှမက မြို့နေလူထု၏ သင်ယူလိုစိတ်ရှိခြင်း၊ သတင်းအချက်အလက်ကို မှန်ကန်စွာသုံးစွဲနိုင်ခြင်းတို့သည် ပညာနှင့် အတွေးအခေါ်ဖွံ့ဖြိုးရာ ဉာဏ်ရည်မြင့်တဲ့သူများရှိရာ အနာဂတ်ရှိတဲ့ မြို့တော်ဖြစ်စေပါသည်။ ထို့ကြောင့် အဆောက်အအုံတွေ ကောင်းသော်လည်း လူတွေစည်းကမ်းမရှိလျှင် မြို့အင်္ဂါရပ်နှင့် မညီသကဲ့သို့ လူတွေစိတ်ဓာတ်ကောင်းသော်လည်း အခြေခံအဆောက်အအုံ မလုံလောက်ပြန်လျှင်လည်း ဖွံ့ဖြိုးမှုမပြည့်စုံနိုင်ပါ။ သို့ဖြစ်ရာ မြို့တော်ဖွံ့ဖြိုးဖို့ဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးလုံးပြည့်စုံပါမှ အမှန်တကယ်ဖွံ့ဖြိုးတဲ့ မြို့တော်ဖြစ်ပါမည်။

## ဆောင်ရွက်နေသော လုပ်ငန်းများ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(MCDC)သည် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းတို့တွင် လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဆိုင်များ စနစ်တကျရှိစေရေး စီမံဆောင်ရွက်ခြင်း၊ လမ်းဘေးဈေးသည်များနှင့် မီးပွိုင့်အနီးဈေးသည်များအား ရှင်းလင်းခြင်းတို့ ပါဝင်သည်ဟု သိရှိရသည်။ ထို့အပြင် မန္တလေးဆိပ်ကမ်း သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဖန်ခြောက်ခုဖြင့် လုပ်ဆောင်နေပြီး သေဆုံးနေသောအပင်များအား အစားထိုးစိုက်ပျိုးခြင်းများလည်း ပြုလုပ်လျက်ရှိသည်ဟု သိရှိရပါသည်။ လူမှုအဖွဲ့အစည်းများကလည်း မန္တလေးမြို့တော် သန့်ရှင်းရေးလှုပ်ရှားမှုများ ပြုလုပ်၍ လူမှုအသိုက်အဝန်းအား ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် လှုံ့ဆော်ပေးနေသည်ဟု သိရှိရပါသည်။

> မြို့၏အလှတရားက လူအများ၏စိတ်အတွင်းမှ စတင်ပါသည်။ ကိုယ်တိုင်အကျိုးထက် အများအကျိုးကို ဦးစားပေးခြင်းဖြင့် ပတ်ဝန်းကျင်ကို မထိခိုက်အောင်ပြုလုပ်ခြင်းသည် လူမှုအသိုက်အဝန်းကို တည်ငြိမ်စေပါသည်။ မြို့ကို ကိုယ့်အိမ်လိုသဘောထားပြီး သန့်ရှင်းသပ်ရပ်အောင်ထိန်းသိမ်းခြင်းသည် မိမိတို့၏ သန့်ရှင်းမှုနှင့် အလှအပသဘောကို ပြသရာ ရောက်ပါသည်။ လူမျိုးဘာသာ မခွဲဘဲ အတူနေထိုင်နိုင်ခြင်း၊ အပြန်အလှန်ကူညီခြင်းဆိုသည့် မေတ္တာနှင့် သဟဇာတဖြစ်စိတ်တို့သည် နေချင်စရာကောင်းသော နေရာတစ်ခု ဖြစ်စေပါသည်။

မန္တလေးမြို့တော် စိမ်းလန်းစိုပြည်ရေးအစီအစဉ်ကို အထောက်အကူပြုရန်အတွက် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ စမ်းသပ်စီမံကိန်းများဆောင်ရွက်နေပြီး အမှိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ မြို့သူ၊ မြို့သားများအား အသိပညာပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်းကိုလည်း သိရှိရပါသည်။ မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် ရေရှည်စီမံကိန်းများ ချမှတ်ရန် Mandalay City Development Committee (MCDC) အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း မြို့တော်အမှိုက်စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်(CWMSAP)ကဲ့သို့သော စီမံကိန်းများသည် ရေရှည်ရည်မှန်းချက်နှင့် လမ်းညွှန်ချက်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

## အနာဂတ်အတွက် မျှော်မှန်းချက်နှင့် အကြံပြုချက်များ

အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် လျှော့ချခြင်းတို့သည် အရေးကြီးသည်။ အထူးသဖြင့် အော်ဂဲနစ်အမှိုက်များကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် မြို့တော်၏အမှိုက်စီမံခန့်ခွဲမှုကို သိသိသာသာ တိုးတက်စေနိုင်ပါသည်။ မြို့သူ၊ မြို့သားများ၏ ပူးပေါင်းပါဝင်မှုသည် မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် အဓိကကျသည်။ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်းတို့တွင် ပြည်သူလူထုက တက်ကြွစွာ ပါဝင်သင့်သည်။ အသိပညာပေးအစီအစဉ်များ၊ သန့်ရှင်းရေးလှုပ်ရှားမှုများနှင့် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများတွင် လူမှုအသိုက်အဝန်း၏ပါဝင်မှုကို မြှင့်တင်ရန်လိုအပ်သည်။ မန္တလေးကဲ့သို့သော ယဉ်ကျေးမှုမြို့တော်ကြီး တိုးတက်ရန်မှာ အစိုးရ၊ ပြည်သူ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သာသနာရေးအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများအားလုံး ညီညွတ်မျှတမှုရှိကြရမည် ဖြစ်ပါသည်။ အဓိကအကျဆုံးသည် "ပြည်သူတို့၏စိတ်ဓာတ်"ပင် ဖြစ်ပါသည်။ လက်တွေ့လုပ်ဆောင်နိုင်သော နည်းလမ်းများတွင် ကိုယ့်အမှိုက်ကို ကိုယ်တိုင်ယူသွားခြင်း၊ လမ်းမပေါ်မပစ်ခြင်း၊ ရပ်ကွက်အလိုက် သန့်ရှင်းရေးလုပ်ခြင်းတို့ပင် ဖြစ်ပါသည်။ ထို့မျှမက ယာဉ်စည်းကမ်းလိုက်နာခြင်း၊ မီးပွိုင့်စည်းစနစ်ကို လိုက်နာခြင်း၊ လမ်းလျှောက်သူကို ဦးစားပေးခြင်း၊ ဆိုင်ကယ်၊ ကားကို ထိန်းထိန်းသိမ်းသိမ်းမောင်းနှင်ခြင်း၊ စိတ်ရှည်မှု၊ အပြန်အလှန်လေးစားမှု၊ ပြဿနာကို အေးအေးဆေးဆေးဖြေရှင်းမှု စသည်တို့သည် လူမှုဘဝကို သာယာစေပြီး စည်းကမ်းရှိတဲ့မြို့၊ လုံခြုံတဲ့မြို့၊ မေတ္တာများနှင့်မြို့ဖြစ်လာစေမည်ဖြစ်ပါသည်။ စီးပွားရေးနှင့် အလုပ်အကိုင် ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ မန္တလေးတွင် လက်မှုပညာ၊ ကုန်သွယ်ရေးအားသာချက်များစွာ ရှိပါသည်။

ခေတ်နှင့်လျော်ညီစွာ ဒစ်ဂျစ်တယ်စနစ်အသုံးပြုမှု(Online Selling)၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ဒေသထွက်ကုန် Brand တည်ဆောက်ခြင်း စသည်တို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် လူအများ၏ ဝင်ငွေကောင်းမွန်လာပြီး မြို့တော်လည်း တိုးတက်လာမည် ဖြစ်ပါသည်။ လူငယ်များကို နည်းပညာသင်ပေးခြင်း၊ စာဖတ်သဘောတရားမြှင့်တင်ခြင်း၊ အလုပ်အကိုင်ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)


အောင်စိုး(လူမှုဝန်ထမ်း)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီ တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**ပေကျင်း မေ ၆**

ဟော်မုဇ်ရေလက်ကြားအရေးနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် တင်းမာမှုများ မြင့်တက်နေစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



မေလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင်ကျင်းပမည့် သမ္မတရှီကျင့်ဖျင်နှင့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ပေကျင်းမြို့သို့ မလာရောက်မီ တစ်ပတ်အလို ယမန်နေ့က အာရက်ချီ၏ခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် အီရန်နိုင်ငံအပေါ် အမေရိကန်-အစ္စရေး တိုက်ခိုက်မှုစတင်ပြီးနောက်ပိုင်း အာရက်ချီအနေဖြင့် တီဟီရန်၏ ရင်းနှီးသော မဟာမိတ်ဖြစ်သည့် တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းပဋိပက္ခစတင်ပြီးနောက် အာရက်ချီသည် ဝမ်ယိနှင့် အနည်းဆုံး သုံးကြိမ်ထက်မနည်း ဖုန်းဖြင့် ဆက်သွယ်စကားပြောဆိုခဲ့ကြောင်း သိရသည်။

Mon

## စင်ကာပူ လျှပ်စစ်ကားအားသွင်းစက် ရည်မှန်းချက် ထက်ဝက်ကျော်လာ မတ်လအထိ အားသွင်းစက်ပေါင်း ၃၀၅၀၀ ကို တပ်ဆင်ထားပြီးဖြစ်

**စင်ကာပူ မေ ၆**

စင်ကာပူနိုင်ငံ၏ လျှပ်စစ်ကားအားသွင်းစက် အရေအတွက် ၆၀၀၀၀ တပ်ဆင်ရန် ရည်မှန်းချက်၏ ထက်ဝက်ကျော်ကို ပြည့်မီခဲ့ပြီးဖြစ်ရာ မတ်လအထိ အားသွင်းစက်ပေါင်း ၃၀၅၀၀ ကို တပ်ဆင်ထားပြီးဖြစ်သည်ဟု သယ်ယူပို့ဆောင်ရေးဆိုင်ရာ နိုင်ငံတော်ဝန်ကြီး ဆန်ရှီလင်းက မေ ၆ ရက်တွင် ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိမ်ရာစီမံကိန်းအသစ်များတွင် လျှပ်စစ်ကားအားသွင်းစနစ် အခြေခံအဆောက်အအုံများကို အချိန်မီတပ်ဆင်နိုင်ရန် အစိုးရဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ရှိ၊ မရှိနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ချူးပေးလင်း၏ မေးမြန်းချက်ကို ၎င်းက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။



စင်ကာပူနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် အများပြည်သူဆိုင်ရာ ကားပါကင်များ၌ အားသွင်းစက် ၄၀၀၀၀ နှင့် ပုဂ္ဂလိကပိုင်နေရာများတွင် အားသွင်းစက် ၂၀၀၀၀ တပ်ဆင်ရန် ရည်မှန်းထားကြောင်း သိရသည်။

Mon

## စွမ်းအင်ဖိအားနှင့် ပြည်တွင်းမူဝါဒ အထောက်အပံ့များကြောင့် ထိုင်း လျှပ်စစ်ပစ်ကပ်ကားဈေးကွက် အရှိန်အဟုန်မြင့်တက်လာ



**ဘန်ကောက် မေ ၆**

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဖိအားများနှင့် ပြည်တွင်းမူဝါဒ အထောက်အပံ့များကြောင့် ထိုင်းနိုင်ငံ၏ လျှပ်စစ်ပစ်ကပ်ကားဈေးကွက်သည် အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိသည်ဟု ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှေ့အလယ်ပိုင်း တင်းမာမှုများကြောင့် မြင့်တက်လာသော ရေနံဈေးနှုန်းများသည် ဘက်ထရီသုံး အစားထိုးယာဉ်များကို ပိုမိုဆွဲဆောင်မှုရှိစေခဲ့ပြီး လျှပ်စစ်ယာဉ်များအတွက် အခွန်လျှော့ပေါ့ပေးခြင်းနှင့် ထောက်ပံ့ကြေးပေးခြင်းတို့ပါဝင်သည့် အစိုးရ၏ အီးဗွီ ၃ ဒသမ ၅ အစီအစဉ်ကလည်း အသုံးပြုမှု တိုးတက်စေရန် အားကောင်းသော တွန်းအားတစ်ရပ် ဖြစ်စေခဲ့သည်။

စီးပွားရေးလုပ်ငန်းသုံး ယာဉ်အုပ်စုများနှင့် တစ်ကိုယ်ရေအသုံးပြုသူများအကြား ဘက်ထရီသုံး လျှပ်စစ်ပစ်ကပ်ကားများအပေါ် ဝယ်လိုအားမှာ မှန်မှန်တိုးတက်လျက်ရှိကြောင်း ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မော်တော်ယာဉ်လုပ်ငန်းကလပ်၏ ပြောရေးဆိုခွင့်ရှိသူ ဆူရာပွန်ပိုင်ဆစ်ပတ္တနာပွန်က ပြောကြားခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## ပထမသုံးလ ကော်ပိုရိတ်အမြတ်အစွန်းများအပေါ်တွင်သာ အာရုံစိုက် ဥရောပနှင့် အမေရိကန်စတော့ရှယ်ယာဈေးကွက်များ မြင့်တက်



**ဝါရှင်တန် မေ ၆**

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား မရေရာသော အပစ်အခတ်ရပ်စဲရေးအခြေအနေထက် ရင်းနှီးမြှုပ်နှံသူများက ပထမသုံးလပတ် ကော်ပိုရိတ်အမြတ်အစွန်းများ အပေါ်တွင်သာ အာရုံစိုက်ခဲ့ကြသဖြင့် မေ ၅ ရက်တွင် ဥရောပနှင့် အမေရိကန်စတော့ရှယ်ယာဈေးကွက်များ မြင့်တက်ခဲ့ပြီး ဝေါလ်စထရီအညွှန်းကိန်းများ စံချိန်သစ်တင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် အီရန်၏ ဒုံးကျည်နှင့် ဒရုန်းများဖြင့် ဒုတိယမြောက်နေ့အဖြစ် တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်ဟုဆိုသော်လည်း ရေနံဈေးနှုန်းများမှာမူ ပြန်လည်ကျဆင်းခဲ့သည်။

ကမ္ဘာ့စီးပွားရေးကို အဟန့်အတားဖြစ်စေသည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် မြေသြဇာများ တင်ပို့ရာ အဓိကလမ်းကြောင်းဖြစ်သော ဟော်မုဇ်ရေလက်ကြားကို ထိန်းချုပ်နိုင်ရန် အီရန်နှင့်အမေရိကန်တပ်ဖွဲ့များသည် ယမန်နေ့က အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။

သို့ရာတွင် အီရန်၏ တိုက်ခိုက်မှုများသည် အမေရိကန်၏ ပြင်းထန်သော တုံ့ပြန်မှုများနှင့် ရင်ဆိုင်ရမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီဟက်ဂ်ဆက်က သတိပေးခဲ့သော်လည်း အမေရိကန်အနေဖြင့် အဆိုပါရေလက်ကြားတွင် တိုက်ခိုက်ရန် ရည်ရွယ်ခြင်းမရှိဟု ပြောကြားခဲ့မှုအပေါ် ဈေးကွက်များက စိုးရိမ်မှုလျော့ပါးသွားခဲ့ကြောင်း သိရသည်။

Mon

## တောင်ကိုရီးယားနိုင်ငံ၏ စားသုံးသူဈေးနှုန်းများ ဧပြီလက နှစ်နှစ်နီးပါးအတွင်း အမြင့်ဆုံးရောက်ရှိခဲ့

**ဆိုးလ် မေ ၆**

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ တောင်ကိုရီးယားနိုင်ငံ၏ စားသုံးသူဈေးနှုန်းများသည် ဧပြီလတွင် နှစ်နှစ်နီးပါးကာလအတွင်း အမြင့်မားဆုံးနှုန်းဖြင့် မြင့်တက်ခဲ့ပြီး ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်အတွက် ယခုနှစ် ဒုတိယနှစ်ဝက်တွင် အတိုးနှုန်းမြှင့်တင်ရန် အလားအလာ ပိုမိုများပြားလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မတ်လတွင် ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာမှ ဧပြီလတွင် စားသုံးသူဈေးနှုန်းအညွှန်းကိန်းသည် ယခင်နှစ် အလားတူကာလထက် ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ယမန်နေ့က ထုတ်ပြန်သည့် အစိုးရအချက်အလက်များတွင် ဖော်ပြထားပြီး ရိုက်တာသတင်းဌာန၏ ခန့်မှန်းချက်နှင့် ထပ်တူကျနေသကဲ့သို့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်း အမြင့်ဆုံးနှစ်အလိုက်မြင့်တက်မှုလည်း ဖြစ်သည်။

ယခင်လက ဝ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီးနောက် ယခုလတွင် ရေနံထွက်ပစ္စည်းဈေးနှုန်းများ ၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် နိုင်ငံတကာလေယာဉ်လက်မှတ်ခများ ၁၃ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သဖြင့် စားသုံးသူဈေးနှုန်းအညွှန်းကိန်းမှာ ယခင်လထက် ဝ ဒသမ ၅ ရာခိုင်နှုန်း ထပ်မံမြင့်တက်ခဲ့ကြောင်း အချက်အလက်နှင့် စာရင်းအင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ Mon



## ဟန်တာပိုင်းရပ်စ်ကူးစက်နေသည့် ဒတ်ချ်အပျော်စီးသင်္ဘော စပိန်နိုင်ငံ၊ ကနေရီကျွန်းစုသို့ ဦးတည်ခုတ်မောင်းမည်ဟု ဆို

**မက်ဒရစ် မေ ၆**

ဟန်တာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုဖြစ်ပွားနေသည့် ဒတ်ချ်အပျော်စီးသင်္ဘောတစ်စင်းသည် စပိန်နိုင်ငံ၊ ကနေရီကျွန်းစုသို့ ဦးတည်ခုတ်မောင်းမည်ဟု စပိန်ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြောင်း သိရသည်။

သင်္ဘောပေါ်ရှိ ဗြိတိန်နိုင်ငံသားဆရာဝန်တစ်ဦးအပါအဝင် ဝန်ထမ်းနှစ်ဦးမှာ အရေးပေါ်ဆေးကုသမှု ခံယူရန်လိုအပ်နေသဖြင့် ၎င်းတို့အား အင်္ဂါနေ့တွင် ဆေးရုံသုံးလေယာဉ်ဖြင့် ကနေရီကျွန်းစုသို့ ရွှေ့ပြောင်းပေးသွားမည်ဖြစ်သည်။

ထို့ပြင် သေဆုံးသွားသူဂျာမနီနိုင်ငံသားတစ်ဦးနှင့် ဆက်စပ်မှုရှိသည့် တတိယမြောက်လူတစ်ဦးကိုလည်း ထပ်မံရွှေ့ပြောင်းပေးသွားမည်ဖြစ်သည်။

အဆိုပါသင်္ဘော ဆိုက်ကပ်ထားသည့် ကိပ်ဗာဒီကျွန်းမှ မည်သည့်ခရီးသည်များကို အရေးပေါ်ရွှေ့ပြောင်းပေးရန် လိုအပ်သည်ဆိုသည်ကို တာဝန်ရှိသူများက ဆုံးဖြတ်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

လွန်ခဲ့သော တစ်လခန့်က အာဂျင်တီးနားနိုင်ငံမှတစ်ဆင့် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ခုတ်မောင်းလာခဲ့သော အမ်ဗွီဟွန်ဒီယပ်စ်အမည်ရှိ အဆိုပါသင်္ဘောပေါ်မှ ခရီးသည်သုံးဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာ၊ အကွက်အမှတ်(၅၂၅/လက်ကောင်း)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၂ ဒသမ ၈၃)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ညွန့် အမည်ဖြင့် ပုံစံ(၇)ရရှိထားသော မြေကွက်အတွင်းမှ ဧရိယာ(ပေ၂၀×ပေ၅၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စန်းရီ(ဘ)ဦးအေးမောင်(၉/မရမ(နိုင်)၀၆၁၂၉၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဝင့်ဝါမော် (LL.B) (အထက်တန်းရှေ့နေ)**

**သစင်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၇၄၆၀၁၂၃၄၊ ၀၉-၇၇၇၁၈၈၅၅၉၊ ၀၉-၉၈၅၅၉၅၈၈၈**

## အများသိစေရန် ကြေညာခြင်း

ဦးထွေးအောင်သန်း(ဘ)ဦးခင်မောင်သန်း(၁၄/ကပန(နိုင်)၁၁၀၀၈၇)သိစေရန် အကြောင်းကြားအပ်ပါသည်။ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးထွေးအောင်သန်း ဂရန်အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို လူကြီးမင်းထံမှ ကျွန်တော် ဦးနိုင်ဦး(ဘ)ဦးကျန်ရှော့ဟော်(၁၃/နခန(နိုင်)၀၇၄၄၅၆)ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်၍ ယနေ့အချိန်ထိ နေအိမ်ဆောက်လုပ်၍ နေထိုင်လျက်ရှိပါသည်။ လူကြီးမင်းနှင့် ကျွန်တော်တို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုချိန်က ကတိပြုခဲ့သည့်အပေါ် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန် ဝယ်ယူသူမှခေါ်ယူသည့်အခါ အချိန်အခါမရွေး လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ဆိုသည့်အတိုင်း လူကြီးမင်းကိုယ်တိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို သက်ဆိုင်ရာမှတ်ပုံတင်ရုံး၌ လိုက်လံ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးနိုင်ပါရန်အတွက် ဤသတင်းစာကြေညာသည့်ရက်မှ(၁၄)ရက်အတွင်း လာရောက်ချုပ်ဆိုပေးနိုင်ပါရန် အသိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာမှတ်ပုံတင်စာချုပ်ရုံး၌ ဥပဒေနှင့်အညီ ချုပ်ဆိုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနိုင်ဦး(ဘ)ဦးကျန်ရှော့ဟော်(၁၃/နခန(နိုင်)၀၇၄၄၅၆)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်နံပါတ်(၅၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးဝင်းဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ပိုင်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးသီဟန်ငြိမ်း(ဘ)ဦးခင်မောင်ငြိမ်း(၉/မရမ(နိုင်)၀၈၆၂၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## (၁၈-၁၀-၂၀၂၅)ရက်စွဲပါ မန္တလေးသတင်းစာတွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၅)၊ ၃၈လမ်း၊ ၇၅လမ်းနှင့်၇၆လမ်းကြားနေ ဦးထွန်းအောင်(၉/မရတ(နိုင်)၁၂၁၀၉၂)နှင့် ဒေါ်ဝင်းရွှေ(ခ)ဒေါ်ဝါဝါ(၈/စလန(နိုင်)၀၈၅၀၄၅)ကိုင်ဆောင်သူတို့၏ သားဖြစ်သူ ကရီမ္မလ္လာဟ်(ခ)ထွန်းဆင့်အောင်(၉/မဟမ(နိုင်)၀၇၈၇၁၁) ကိုင်သူသည် မိဘနှင့်သားအကြား အဆင်မပြေမှုများရှိခဲ့သော်လည်း ယခုအခါ မိဘနှင့်သားသည် အဆင်ပြေမှုများ ရရှိပြီဖြစ်သောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးထွန်းအောင်(၉/မရတ(နိုင်)၁၂၁၀၉၂)** | **ဦးကျော်စွာမင်း (LL.B)** |
| **ဒေါ်ဝင်းရွှေ(ခ)ဒေါ်ဝါဝါ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၉/၂၀၁၆)** |
| **(၈/စလန(နိုင်)၀၈၅၀၄၅)** | **ဆ-၉/၇၃၊ မြို့သစ်(၂)ရပ်ကွက်၊** |
| | **ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။ဖုန်း ၀၉-၄၃၁၆၈၆၂၇** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၈)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစိုင်းအောင်သိန်းထွဋ်(ဘ)ဦးကြာကြည်(ခ)ယန်ကြာဆီ(၉/အမရ(နိုင်)၁၀၄၁၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိဟာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၅)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧက၊ မြေပြင်အရှိဧရိယာ(၁၄ပေ×၄၂ပေ) အကျယ်အဝန်းရှိသော မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့မှ ဒေါ်အမာတင် အမည်ဖြင့် ပြန်လည်နေရာချထားပေးသော မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခွေး(ဘ)ဦးသန်းမြင့်(၉/မရတ(နိုင်)၀၆၁၂၂၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer.khinninisoe@gmail.com**

## အကွက်အမှတ်(ထထ-၃၇)၊ ဦးပိုင်အမှတ်(၃၅)မြေကွက်ထဲမှ မြောက်ဘက်ခြမ်း (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၇)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ ဒသမ ၀၆၂) အကျယ်အဝန်းရှိ မြေကွက်မှာ ဗိုလ်မှူးနိုင်စိုးသိန်း အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်း(ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ထဲလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ဝေဝေထွေး(ဘ)ဦးညွန့်မောင်(၉/မရတ(နိုင်)၁၂၇၄၆၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အကွက်အမှတ်(ဖ-၁၅)၊ ဦးပိုင်အမှတ်(၅၄-ခ) မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၅)၊ ဦးပိုင်အမှတ်(၅၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ခင်စိန် အမည်ဖြင့် ချထားပေးခြင်းခံခဲ့ရသော (စလစ်) မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်သန်းသန်းအေး(ဘ)ဦးသန်းရွှေ(၉/ပသက(နိုင်)၀၀၂၃၂၂) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ | ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်နေရာများအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ပြီး မန္တလေး - မတ္တရာ - သပိတ်ကျင်း - တကောင်း - ထီးချိုင့် - ကသာ - အင်းတော် - မော်လူး - နန့်စီးအောင် - မိုးညှင်း - မိုးကောင်း - မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့

နေပြည်တော် မေ ၆

တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် ဒေသများ၌လည်း အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation) ဖြင့် မြို့၊ ရွာများအား အဆင့်ဆင့်ပြန်လည်သိမ်းပိုက်၍ ပြည်သူအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို အပိုင်းလိုက် ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေး- မတ္တရာ- သပိတ်ကျင်း- တကောင်း- ထီးချိုင့်- ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်- မိုးညှင်း- မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်အား အပြည့်အဝ ထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မန္တလေးမှ မြစ်ကြီးနားသို့ ဆက်သွယ်ထားသည့် ဆက်သွယ်ရေးလမ်းကြောင်းသည် မြန်မာနိုင်ငံ၏ မြောက်ဘက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော အခြေခံအဆောက်အအုံတစ်ခုဖြစ်ပြီး အဆိုပါလမ်းကြောင်းအား အသုံးပြု၍ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ၏ သွားလာနေထိုင်မှု၊ ကုန်စည်စီးဆင်းမှုများကို လွယ်ကူမြန်ဆန်စေကာ စာမျက်နှာ ၉ သို့ ○



အောင်ပွဲရတပ်မတော်သားများအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



## အာရှဖလား ယူ-၁၇ ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း အိမ်ရှင်ဆော်ဒီအာရေဗျအသင်းကို အရေးနိမ့်

ရန်ကုန် မေ ၆

၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ အုပ်စုပထမနေ့ကို မေ ၅ ရက် ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင်ဆော်ဒီအာရေဗျအသင်းကို အရေးနိမ့်ခဲ့သည်။

အုပ်စုပထမနေ့တွင် အုပ်စု (A) ပွဲစဉ်များ၌ အိမ်ရှင်ဆော်ဒီအာရေဗျအသင်းက မြန်မာအသင်းကို လေးဂိုး-ဂိုးမရှိ၊ တာဂျစ်ကစ္စတန်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အုပ်စု (B) ပွဲစဉ်များ၌ ဂျပန်အသင်းက ကာတာအသင်းကို သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းက တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် ဂိုးပြတ်အရေးနိမ့်သဖြင့် နောက်တစ်ဆင့်တက်ရန် လက်ကျန်နှစ်ပွဲတွင် အမှားလုပ်၍မရသည့် အနေအထားဖြစ်သွားသည်။

အိမ်ရှင်ဆော်ဒီအာရေဗျအသင်းသည် ပွဲစကတည်းက ဖိအားပေးခဲ့ပြီး သုံးမိနစ်မှာပင် အလီမာကီက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ၂၃ မိနစ်တွင် အလီမာကီကပင် ဒုတိယဂိုးထပ်သွင်းကာ ပထမပိုင်းအပြီးတွင် စာမျက်နှာ ၈ သို့ ✻

## မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၌ နွေရာသီအခြေခံဘောလုံးသင်တန်း(ဒုတိယအသုတ်)ဖွင့်လှစ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် နွေရာသီအခြေခံဘောလုံးသင်တန်း (MFF Summer Football Skills Course 2026) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) ၌ ကျင်းပပြုလုပ်ခဲ့သည်။ ယခုသင်တန်းသည် ဒုတိယအသုတ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသားများအတွက် အခမဲ့ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ဒုတိယကျောင်းအုပ်ကြီး ဦးဇော်ဝင်းကို၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) မှ မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) ကျောင်းအုပ်ကြီး ဦးထွန်းအောင်ကျော်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောငြိမ်းက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်တိုင်းတွင် အခြေခံဘောလုံးသင်တန်းများကို အခမဲ့သင်ကြားပေးလျက်ရှိရာ ယခုနှစ်၌ ရန်ကုန်မြို့တွင် သင်တန်းသား ၇၀၀ ဦး၊ မန္တလေးမြို့တွင် သင်တန်းသား ၄၀၀ ဦး၊ တောင်ကြီး၊ ပုသိမ်နှင့် မော်လမြိုင်မြို့တို့တွင် သင်တန်းသား ၂၀၀ ဦးစီဖြင့် အသီးသီး အခမဲ့ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့တွင် အခြေခံ ဘောလုံးသင်တန်းအပြင် ဖူဆယ်အားကစားနည်းကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း သိရသည်။



(NGB)

o-o-o-o-o-o